# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်၊ စနေနေ့၊ အတွဲ(၄၂)၊ အမှတ်(၇၂)


## မော်ကွန်းမှတ်တိုင် စိုက်ထူ

ဗုဒ္ဓဘာသာခေါင်းဆောင်များသည် အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု၊ ပေါင်းစည်းညီညွတ်မှု၊ သည်းခံခွင့်လွှတ်မှုများကိုအခြေခံပြီး တက်ရောက်လာကြသော ကိုယ်စားလှယ်တော်များနှင့် သက်ဆိုင်သည့် သာသနာအကြောင်းအရာများကို ဆွေးနွေးကြခြင်းဖြင့် ဗုဒ္ဓသာသနာ့သမိုင်းတွင် မြန်မာနိုင်ငံ၌ ကြီးမားသည့် မော်ကွန်းမှတ်တိုင် စိုက်ထူလိုက်ခြင်းပင်ဖြစ်ပေသည်။ (ခေါင်းကြီး စာ-၂)

# ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ဒုတိယနေ့အစီအစဉ်များ ဆက်လက်ကျင်းပ နိုင်ငံအသီးသီးမှ ဂုဏ်ပြုပေးပို့သော သဝဏ်လွှာများ ကိုယ်စားလှယ်များဖတ်ကြား ၃၈ နိုင်ငံမှ ကမ္ဘာ့ဗုဒ္ဓဘာသာသုတေသီပညာရှင်များ၊ လေ့လာသူများ တက်ရောက်ကြည့်ရှု

ရန်ကုန် ဒီဇင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက တာဝန်ယူကြီးမှူး၍ ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာဦးသျှောင် ဆရာတော်ကြီးများ၊ ဗုဒ္ဓဘာသာဂိုဏ်းအသီးသီးမှ ဂိုဏ်းချုပ်ဘုန်းတော်ကြီးများ၊ အထက်တန်းကမ္ဘာ့ဗုဒ္ဓဘာသာသုတေသီပညာရှင်များ တက်ရောက်ဆွေးနွေးလျက်ရှိသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ဒုတိယနေ့အခမ်းအနားအစီအစဉ်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာဖြင့် ခမ်းနားထည်ဝါစွာ ဆက်လက်ကျင်းပသည်။ စာမျက်နှာ ၈ ကော်လံ ၁ ●



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက တာဝန်ယူကြီးမှူးကျင်းပသည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ဒုတိယနေ့အခမ်းအနားအစီအစဉ်များကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆက်လက်ကျင်းပစဉ်။ (သတင်းစဉ်)



သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မဟိန္ဒာမဟင်ဒါရာဂျာပက်(ခ်)စီ

# သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မဟိန္ဒာမဟင်ဒါရာဂျာပက်(ခ်)စီ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

မဟိန္ဒာမဟင်ဒါရာဂျာပက်(ခ်)စီသည် ၁၉၄၅ခုနှစ် နိုဝင်ဘာလ ၁၈ရက်တွင် သီရိလင်္ကာနိုင်ငံ တောင်ပိုင်းခရိုင် ဝီရာကက်တီယာတွင် မွေးဖွားခဲ့သည်။ ၎င်းသည် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သည်။ ၎င်း၏ဖခင်မှာ မဟိန္ဒာ ဒီအေရာဂျာပက်(ခ်)စီဖြစ်သည်။

မဟိန္ဒာမဟင်ဒါရာဂျာပက်(ခ်)စီသည် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၁၈)ကြိမ်မြောက် ဝန်ကြီးချုပ်ဖြစ်သည်။ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ တောင်ပိုင်းဒေသမှ ဝန်ကြီးချုပ်ရာထူးရရှိခဲ့သည့် ဒုတိယမြောက် နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်သည်။ (၁၂)ကြိမ်မြောက်ပါလီမန်ကို ဦးဆောင်ပြီး ၂၀၀၄ခုနှစ် ဧပြီ ၂ရက်နေ့တွင်ကျင်းပသည့် ရွေးကောက်ပွဲသို့ **စာမျက်နှာ ၅ ကော်လံ ၅** ❃

**နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

## မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်)

# ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကျင်းပ မေတ္တာနှင့်ကရုဏာများ ကမ္ဘာတစ်ဝန်းလွှမ်းခြုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက တာဝန်ယူကြီးမှူး၍ ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာ ဦးသျှောင်ဆရာတော်ကြီးများ၊ ဗုဒ္ဓဘာသာ ဂိုဏ်းအသီးသီးမှ ဂိုဏ်းချုပ်ဘုန်းတော်ကြီးများ၊ အထက်တန်းဗုဒ္ဓဘာသာ သုတေသီပညာရှင်များ တက်ရောက်ဆွေးနွေးသော ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ခမ်းနားထည်ဝါ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပနေပြီဖြစ်သည်။

မြတ်စွာဘုရားရှင်၏ သာသနာတော်အရှည်တည်တံ့၍ စည်ပင်ပြန့်ပွားထွန်းကားစေရန်အတွက် ကျင်းပလျက်ရှိသည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးတွင် ပြည်တွင်း၊ ပြည်ပမှ ဗုဒ္ဓသာသနာတော်ဆိုင်ရာ ကိုယ်စားလှယ်တော်ကြီးများ စုပေါင်းညီညာစွာဖြင့် တက်တက်ကြွကြွ အားထုတ်ဆောင်ရွက်နေကြခြင်းသည် အနာဂတ်သာသနာတော်အတွက် အားတက်ရွှင်လန်းဝမ်းမြောက်ဖွယ်ရာဖြစ်သည်။

အဆိုပါ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး မင်္ဂလာအခမ်းအနားဖွင့်ပွဲနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များက ပြည်တွင်း၊ ပြည်ပမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကန်တော့ပြီး ဆရာတော်ကြီးများအား ဗုဒ္ဓရုပ်ပွားတော်များ ဆက်ကပ်လှူဒါန်းခဲ့ပေသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးတွင် ပြည်တွင်းပြည်ပမှ သာသနာပိုင် ဆရာတော်ကြီးများ၊ ဗုဒ္ဓဘာသာ ကိုယ်စားလှယ်တော်များနှင့် ဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ သံဃာတော်များ ပါဝင်တက်ရောက်ပြီး ဂုဏ်ပြုသဝဏ်လွှာများ၊ နှုတ်ခွန်းဆက်မိန့်ခွန်းများနှင့် စာတမ်းများကို ဖတ်ကြားခဲ့ကြပေသည်။

ဗုဒ္ဓဘာသာခေါင်းဆောင်များသည် အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု၊ ပေါင်းစည်းညီညွတ်မှု၊ သည်းခံ ခွင့်လွှတ်မှုများကို အခြေခံပြီး တက်ရောက်လာကြသော ကိုယ်စားလှယ်တော်များနှင့် သက်ဆိုင်သည့် သာသနာအကြောင်းအရာများကို ဆွေးနွေးကြခြင်းဖြင့် ဗုဒ္ဓသာသနာ့သမိုင်းတွင် မြန်မာနိုင်ငံ၌ ကြီးမားသည့် မော်ကွန်းမှတ်တိုင် စိုက်ထူလိုက်ခြင်းပင် ဖြစ်ပေသည်။

သာသနာ့သမိုင်းဝင်မည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို မြန်မာနိုင်ငံက အစစအရာရာ ထောက်ပံ့လှူဒါန်းပြီး အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားများ အားလုံးအတွက် တန်ဖိုးမဖြတ်နိုင်သည့် ကုသိုလ်တရားများရရှိလိုက်ခြင်းပင် ဖြစ်ပေသည်။

ယနေ့မျက်မှောက်ကာလ သိပ္ပံနှင့်နည်းပညာများ တိုးတက်ပြီး ရုပ်ပိုင်းဆိုင်ရာ လူနေမှုဘဝ ဖွံ့ဖြိုး တိုးတက်နေချိန်တွင် မြတ်ဗုဒ္ဓ၏ သွန်သင်ဆုံးမမှုများနှင့်အညီ လူသားများ၏ စိတ်ပိုင်းဆိုင်ရာ အရည် အသွေးများကို ပြုပြင်ပြီး အေးငြိမ်းချမ်းသာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်ရန် လိုအပ်နေပြီ ဖြစ်ပေသည်။

နိုင်ငံတကာနယ်ပယ်တွင် လက်နက်ပြိုင်ဆိုင်မှု၊ အကြမ်းဖက်မှု၊ ဆင်းရဲချမ်းသာ ကွာဟမှုအရကြီးနိုင်ငယ်ညှဉ်းမှုများ ဖြစ်ပေါ်နေပြီး စိတ်နှလုံးမချမ်းမြေ့ဖွယ်ရာ ဖြစ်ရပ်များကို မြင်တွေ့နေရသည်။ ကမ္ဘာ့နိုင်ငံအချို့နေရာဒေသများရှိ လူသားများသည် လောဘမီး၊ ဒေါသမီး၊ မောဟမီးများ လောင်မြိုက်နေကြသည်ကို ကြုံတွေ့နေရသည်။

ထိုသို့ လောင်မြိုက်နေသည့် စိတ်နှလုံးကို ကမ္ဘာတစ်ဝန်း အေးချမ်းသည့်မေတ္တာဓာတ်နှင့် သည်းခံခွင့်လွှတ်မှု တို့ကသာ ငြိမ်းသတ်နိုင်မည် ဖြစ်ပေသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသည် ငြိမ်းချမ်းသာယာမှုနှင့် တရားမျှတမှုတို့ကို ဖော်ဆောင်ပြီး အေးချမ်းသာယာသည့် ကမ္ဘာလောကကြီး ဖန်တီးနေခြင်းကို အထောက်အကူပြုစေမည် ဖြစ်သည်။

ဗုဒ္ဓဘာသာ မထေရ်မြတ်များနှင့် ဗုဒ္ဓဘာသာခေါင်းဆောင်များက မြတ်ဗုဒ္ဓ၏တရားတော်များ အကူအညီဖြင့် လူသားများ မှီတင်းနေထိုင်ရာ ကမ္ဘာကြီးအတွင်းရှိ နိုင်ငံများ တည်ငြိမ် အေးချမ်း သာယာမှုနှင့် ဗြဟ္မစိုရ်တရားထွန်းကားစေရန် မဆုတ်မနစ်ကြိုးပမ်းကြမည် ဖြစ်သည်။

သို့ဖြစ်ရာ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသည် ကမ္ဘာ့ငြိမ်းချမ်းမှုရရှိရေးအတွက် အရှိန်အဟုန် ထပ်မံမြှင့်တင်ပေးပြီး မေတ္တာနှင့် ကရုဏာများ ကမ္ဘာတစ်ဝန်း လွှမ်းခြုံ ဆောင်ရွက်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။




## အာရှလေထုအရည်အသွေး တိုးတက်မှုရှိလာ

**မနီလာ ဒီဇင်ဘာ ၉**

အာရှ၏ လေထုအရည်အသွေးအဆင့်သည် အချို့ဆောင်ရွက်မှုလုပ်ငန်းများအရ အဆင့်တိုးတက်လာကြောင်း တနင်္လာနေ့က အိန္ဒိယနိုင်ငံတွင် အေဒီဘီပံ့ပိုးမှုဖြင့် ကျင်းပသည့် လေထုအရည်အသွေးအဆင့် ပိုမိုကောင်းမွန်ရေး (ဘီအေကျူ)၂၀၀၄ ညီလာခံဖွင့်ပွဲတွင် အဆင့်မြင့် အေဒီဘီအရာရှိတစ်ဦးက ပြောကြောင်း အေဒီဘီက အင်္ဂါနေ့က သတင်းထုတ်ပြန်သည်။

အခိုးအငွေ့မှုံဆိုင်းနေသည့်အပြင် ဆာလ်ဖာဒိုင်အောက်ဆိုက်များရှိသော လေထုညစ်ညမ်းမှုအဆင့်သည် အတန်အသင့်အနေအထားမှ အနည်းငယ်အထိ လျော့ကျခဲ့ကြောင်း အာရှမြို့ ၂၀ မှ အချက်အလက်များကို ကိုးကား၍ အေဒီဘီ ဒေသနှင့် ထိန်းသိမ်းမှုဖွံ့ဖြိုးတိုးတက်ရေးဌာန ညွှန်ကြားရေးမှူးချုပ် ဂျန်ဇင်ဟီးစွမ်က ကျင်းပနေသော အာရှမြို့ကြီးများအတွက် သန့်ရှင်းသော လေထုဆိုင်ရာ အစည်းအဝေး၌ ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ နေရာရရှိရန် ဘရာဇီး၊ ဂျာမနီ၊ အိန္ဒိယနှင့် ဂျပန်တို့ တင်ပြထား

ဘရာဆီးလီးယား ဒီဇင်ဘာ ၈

**ကုလသမဂ္ဂလုံခြုံရေးကောင်စီ ပြန်လည်ဖွဲ့စည်းရာတွင် ဘရာဇီး၊ ဂျာမနီ၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့က နေရာတစ်နေရာ ရလိုကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် တင်ပြထားကြောင်း ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးက အင်္ဂါနေ့တွင် ပြောကြားသည်။**

ပြီးခဲ့သည့် သီတင်းပတ်က ပြုလုပ်ခဲ့သော ကုလသမဂ္ဂပြန်လည်ဖွဲ့ စည်းရေးအဆင့်မြင့် ဆွေးနွေးပွဲတွင် ဘရာဇီး၊ ဂျာမနီ၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့က ၎င်းတို့ဆန္ဒများကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း ပဏာမအစီရင်ခံစာထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

### ပေါင်းစည်းမှု

အနာဂတ်ကမ္ဘာကြီး၏ လက်တွေ့ကျမှုပုံရိပ်ထင်ဟပ်စေရန်နှင့် လုံခြုံရေးဆိုင်ရာ ပေါင်းစည်းမှုသည် စိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင် အရေးပါဆိုသောအချက်မှာ လုံခြုံရေး ကောင်စီအဖွဲ့ဝင်နိုင်ငံများ၏ တစ်စိတ်တစ်ဝမ်းတည်း ဆန္ဒသဘောထားများ ဖြစ်ကြောင်းနှင့် ယင်းမှာ ကုလသမဂ္ဂပြန်လည် ဖွဲ့စည်းခြင်းဆိုင်ရာ အကြောင်းရင်းများပင်ဖြစ်ကြောင်း အဆိုပါ နိုင်ငံများက ပြောကြားသည်။

### ပြင်ဆင်မှု

၂၀၀၅ ခုနှစ် စက်တင်ဘာတွင် ကျင်းပမည့် ကုလသမဂ္ဂထိပ်သီးအစည်းအဝေးမတိုင်မီ လိုအပ်သည့် ပြင်ဆင်မှုများကို ကုလသမဂ္ဂက ဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၀၅ ခုနှစ် စက်တင်ဘာလတွင် ကျင်းပမည့် ကုလသမဂ္ဂအထွေထွေ ညီလာခံ၌ အဆိုပါ လေးနိုင်ငံက ကုလသမဂ္ဂလုံခြုံရေး ကောင်စီတွင် တစ်နေရာပါဝင်နိုင်ခွင့်ရရှိရေးအတွက် ပူးတွဲတင်ပြကြမည်ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အာကာသထဲသို့ ပထမဆုံးတောင်ကိုရီးယား နိုင်ငံသားလွှတ်တင်ရေး ၂၀၀၅ ခုနှစ် မေလ၌ အာကာသယာဉ်မှူး နှစ်ဦးရွေးချယ်မည်

ဆိုးလ် ဒီဇင်ဘာ ၉

**နောက်နှစ်နှစ်တွင် အာကာသထဲသို့ ပထမဆုံး တောင်ကိုရီးယားနိုင်ငံသားအား လွှတ်တင်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၀၅ခုနှစ် မေလတွင် အာကာသယာဉ်မှူး နှစ်ဦးကိုရွေးချယ်သွားရန် တောင်ကိုရီးယားနိုင်ငံက စီစဉ်ထားကြောင်း တောင်ကိုရီးယားအစိုးရ အေဂျင်စီတစ်ခုက ကြာသပတေးနေ့၌ ပြောကြားသည်။**

လာမည့်နှစ်အစောပိုင်းက စတင်ပြီး တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံး အာကာသခရီးသည် ဖြစ်လိုသူ သာမန်တောင်ကိုရီးယားနိုင်ငံသားများထံမှ လျှောက်လွှာများ စတင်လက်ခံမည်ဖြစ်ကြောင်း ကိုရီးယားအာကာသ သုတေသနပြုဌာနက ပြောကြားသည်။

### တွေ့ဆုံမေးမြန်းမည်

လမ်းညွှန်ချက်များအရ အာကာသယာဉ်မှူးလောင်းများသည် ရုပ်ပိုင်းဆိုင်ရာ စစ်ဆေးမှု၊ ဆေးစစ်မှု၊ အင်္ဂလိပ်စာနှင့် သိပ္ပံပညာစစ်ဆေးမှုအပြင် တွေ့ဆုံမေးမြန်းခြင်းခံကြရမည်ဖြစ်သည်။

စစ်ဆေးချက်အောင်မြင်သူ အာကာသယာဉ်မှူးလောင်းနှစ်ဦးသည် ရုရှားနိုင်ငံ၏ ယူရီဂါဂါရင် အာကာသယာဉ်မှူး လေ့ကျင့်သင်ကြားရေးဌာနတွင် ၂၀၀၅ခုနှစ် ဇူလိုင်လမှ ၂၀၀၇ခုနှစ် မတ်လအထိ လေ့ကျင့်သင်ကြားမှုခံယူရမည်ဖြစ်ကြောင်း အဆိုပါ အေဂျင်စီကပြောကြားသည်။

### သုံးစွဲရန် စီစဉ်ထား

၂၀၀၇ခုနှစ် အောက်တိုဘာလ၌ အာကာသယာဉ်မှူးလောင်းတစ်ဦးသည် နိုင်ငံတကာဆိုင်ရာ အာကာသစခန်းယာဉ်(အိုင်အက်စ်အက်စ်)သို့ ရုရှားဆိုယုဇ် အာကာသယာဉ်ဖြင့် ၁၀ ရက်ကြာခရီးသွားရောက်ရမည်ဖြစ်သည်။ ထိုစီမံကိန်းအတွက် တောင်ကိုရီးယားအစိုးရက ဝမ်ငွေ ၂၆ဘီလီယံ (ဒေါ်လာ ၂၄ ဒသမ ၅ သန်း)သုံးစွဲရန် စီစဉ်ထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အဲယားအာရှလေကြောင်း အင်ဒိုနီးရှားနိုင်ငံ၌ ပြန်လည်ပျံသန်းမည်

**ဂျကာတာ ဒီဇင်ဘာ ၉**

အဲယား အာရှလေကြောင်းလိုင်းသည် အင်ဒိုနီးရှားနိုင်ငံတွင် ပြည်တွင်းလေကြောင်းခရီးစဉ်များကို ယမန်နေ့၌ ပြန်လည်စတင်ခဲ့သည့် ပီတီအေဝဲယား အင်တာနေရှင်နယ်မှတစ်ဆင့် လေကြောင်းပျံသန်းရေး လုပ်ငန်းများကို အင်ဒိုနီးရှားနိုင်ငံ၌ ပြန်လည် လုပ်ဆောင်ခဲ့သည်။

အဲယားအာရှသည် အေဝဲယား၏ ၄၉ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားပြီး လေယာဉ်ခသက်သာသောလေကြောင်း လိုင်းအဖြစ် လေယာဉ်ပျံသန်းမှုကို ပြန်လည်စတင်မည် ဖြစ်သည်။

**(အင်တာနက်)**

# ငြိမ်းချမ်းအေးမြ ဗုဒ္ဓဓမ္မ

## အရှင်အာဒိစ္စဝံသ ( ဆားလင်းကြီး )

တလောကလုံးတွင် အမြတ်ဆုံးဖြစ်တော်မူသော မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံလွန်တော်မူသည်မှာ နှစ်ပေါင်း ၂၅၄၈နှစ် ရှိခဲ့လေပြီ။ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သော်လည်း ဟောကြားတော်မူခဲ့သော ဓမ္မအလင်းရောင်များကား ကမ္ဘာအနှံ့ ဖြန့်ကြက်လျက်ရှိသည်။ မြတ်ဗုဒ္ဓ၏ ဓမ္မအလင်းရောင်သည် ထေရဝါဒ ငါးနိုင်ငံသာမက အာရှ၊ ဥရောပနိုင်ငံများအရောက် ထွန်းပေါက်လျက်ရှိသည်။ ဗုဒ္ဓဓမ္မကို စိတ်ဝင်စားသူများလည်း တိုးပွားလျက်ရှိသည်။

**မြတ်ဗုဒ္ဓပွင့်တော်မူလာခြင်းသည် လောကလူသားအားလုံးတို့၏ အသိဉာဏ်ကို ပွင့်လင်းစေသည်။ ဘဝ၏ အမှန်တရားကို သိမြင်စေသည်။ အမှောင်ကျနေသော လောကလူသားအားလုံးတို့အား ဓမ္မအလင်းရောင်ကို မြင်စေသည်။ ဘဝ၏အကြောင်း၊ ဘဝ၏သဘာဝ၊ ဘဝ၏အနှစ်သာရ ကင်းမဲ့ပုံကို မြင်စေသည်။ ဘဝ၏ လွတ်မြောက်ရေး အမှန်တရားကိုလည်း သိစေသည်။**

လူ့ဘဝ၊ လူ့ခန္ဓာသည် အို၊ နာ၊ သေရေး ဒုက္ခဘေးတို့ဖြင့် ဝန်းရံနေသော ဒုက္ခတုံး၊ ဒုက္ခခဲသာ ဖြစ်သည်။ ဘဝသည် အမှန်အားဖြင့် သုခမဖက်၊ ဒုက္ခသက်သက်သာ ဖြစ်သည်။ သို့သော် ဘဝကို သုခဟု မှတ်ထင်နေသည်။ ဘဝကို ဒုက္ခဟုမမြင် သုခဟု ထင်နေသည်။ ထို့ကြောင့် ဘဝကို လိုချင်နေသည်။

ဘဝ၏ ဒုက္ခကိုမမြင်အောင် အဘယ်သူက ဖုံးလွှမ်းထားသနည်း။ ဘဝ၏အပြစ်ကို မမြင်အောင် အဝိဇ္ဇာ (မောဟ)က ဖုံးလွှမ်းထားသည်။ ဘဝ၏ အပြစ်ကိုမမြင်၍ ဘဝကိုလိုချင်သည်၊ ဘဝကိုမြတ်နိုးသည်။ ဘဝကို လိုချင်မှု တဏှာ(လောဘ)ကြောင့် ဘဝကိုရနေခြင်း ဖြစ်သည်။ အဝိဇ္ဇာက အမှန်တရားကို မမြင်အောင် မှောင်ချပေးလိုက်သောအခါ တဏှာက ဘဝကို လိုချင်သည်။ အဝိဇ္ဇာနှင့် တဏှာသည် ဘဝကို တည်ဆောက်ပေးသည့် ဘဝဗိသုကာများ ဖြစ်သည်။ အဝိဇ္ဇာနှင့် တဏှာ နှစ်ပါးပေါင်းလိုက်သော ဘဝသည် အဆက်မပြတ်နိုင်ဘဲ သံသရာစက်ရဟတ်တွင် လည်ပတ်၍ နေသည်။

မြတ်ဗုဒ္ဓ(ဘုရား)အဖြစ်သို့ ရောက်တော်မူသောအခါ သံသရာ၌ ခန္ဓာအိမ်ကိုတည်ဆောက်ပေးနေသော တဏှာလက်သမားတို့ ထင်ထင်ရှားရှား မြင်တော်မူသည်။ တဏှာလက်သမားကို ထင်ရှားစွာမြင်ရသဖြင့် တဏှာကို ကြိုးဝါးသောအားဖြင့် အနေကဇာတိ သံသာရံ စသော ဂါထာဖြင့် တဏှာကိုအောင်မြင်၍ ဥဒါန်းကျူးတော်မူသည်။

> **"ဟယ်- တဏှာယောက်ျား လက်သမား သင်သည် နောက်ထပ်တစ်ဖန် ငါ၏ခန္ဓာအိမ်ကို တည်ဆောက်ရတော့မည် မဟုတ်တော့"**

ဟု ကြိုးဝါးတော်မူသည်။ တလောကလုံးတွင် မြတ်ဗုဒ္ဓသည် ဘဝမှ ရှေးဦးစွာ ထွက်မြောက်သူ ဖြစ်သည်။ သိစရာမှန်သမျှကို ဆရာမရှိ မိမိအလိုလို သိတော်မူသည်။ ထို့ကြောင့် "ဗုဒ္ဓ၊ သမ္မာသမ္ဗုဒ္ဓ"ဟူသော ဘွဲ့ထူးကို ရရှိတော်မူသည်။

ဗုဒ္ဓအဖြစ်သို့ရောက်၍ နှစ်လပြည့်သော ဝါဆိုလပြည့်နေ့တွင် မိဂဒါဝုန် ရဂုံသာမော အင်ကြင်းတော၌ ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဓမ္မစကြာကို ဟောတော်မူသည်။ တရားဦးဓမ္မစကြာတွင် ဘဝ၏ ဒုက္ခဖြစ်ပုံ၊ ဒုက္ခသစ္စာအမှန်တရားကို ရှေးဦးစွာ ဟောကြားတော်မူသည်။ ဒုက္ခဖြစ်ခြင်း၏ အကြောင်းရင်းဖြစ်သော ဘဝကို ဖန်တီးပေးတတ်သော တဏှာ=သမုဒယသစ္စာကိုလည်း ဟောတော်မူသည်။

ဒုက္ခအားလုံး ချုပ်ငြိမ်းရာဖြစ်သော နိရောဓသစ္စာကိုလည်း ဟောတော်မူသည်။ နိရောဓသစ္စာဟူသည် နိဗ္ဗာန်တည်း။ ဒုက္ခငြိမ်းကြောင်း မဂ္ဂသစ္စာကိုလည်း ဟောတော်မူသည်။ အကြောင်းတရားကြောင့် အကျိုးတရားတို့၏ဖြစ်ပုံကို အပြည့်အစုံ ဟောတော်မူသည်။ ဒုက္ခငြိမ်းကြောင်း အကျင့်ကား မဇ္ဈိမပဋိပဒါ ခေါ် မဂ္ဂင်ရှစ်ပါး ဖြစ်သည်။ မဂ္ဂင်ရှစ်ပါးမှာ-

၁။ သမ္မာဒိဋ္ဌိ = မှန်ကန်သောအမြင်
၂။ သမ္မာသင်္ကပ္ပ = မှန်ကန်သောအကြံ
၃။ သမ္မာဝါစာ = မှန်ကန်သောပြောဆိုခြင်း
၄။ သမ္မာကမ္မန္တ = မှန်ကန်သောအလုပ်
၅။ သမ္မာအာဇီဝ = မှန်ကန်သောအသက်မွေးမှု
၆။ သမ္မာဝါယမ = မှန်ကန်သောအားထုတ်မှု
၇။ သမ္မာသတိ = မှန်ကန်သောအမှတ်ရမှု
၈။ သမ္မာသမာဓိ = မှန်ကန်သောတည်ကြည်မှု

တို့ဖြစ်သည်။ မဂ္ဂင်ရှစ်ပါးသည် ဗုဒ္ဓဒေသနာတော်၏ အနှစ်ချုပ်ဖြစ်သည်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝသုံးပါးသည် သီလမဂ္ဂင်ဖြစ်သည်။ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိသည် သမာဓိမဂ္ဂင် ဖြစ်သည်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပသည် ပညာမဂ္ဂင်ဖြစ်သည်။ သာသနာဟူသည် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ဖြစ်သည်။ **မြန်မာနိုင်ငံ၌ မဂ္ဂင်ရှစ်ပါးကျင့်စဉ်သည် အပြည့်အစုံရှိသည်။ ကျင့်သုံးဆဲ ကျင့်သုံးလျက်ရှိသည်။ ဗုဒ္ဓရှင်တော်မြတ် ၄၅ ဝါပတ်လုံး ဟောကြားတော်မူအပ်သော သုတ္တန္တ၊ အဘိဓမ္မ၊ ဝိနယတရားတော်တို့ အပြည့်အစုံရှိရုံမက လေ့လာသင်ကြား အားထုတ်နေကြသည်။ သာသနာတော်၏ အသက်သွေးကြောဖြစ်သော ဝိနည်းတရားတော်ကို လိုက်နာကျင့်သုံးနေသော ထေရဝါဒ သံဃာများ အများဆုံးရှိသော နိုင်ငံဖြစ်သည်။**

ထေရဝါဒ အရင်းကျကျတည်ရှိနေသော မြန်မာနိုင်ငံ၌ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို ကျင်းပခြင်းမှာ ရေခံ၊ မြေခံနှင့် လိုက်လျောလှပါသည်။ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ တက်ရောက်လာကြသော ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် မြတ်ဗုဒ္ဓ၏ မဂ္ဂင်ရှစ်ပါးကျင့်စဉ်များကို လေ့လာဆွေးနွေး၍ ကမ္ဘာအနှံ့ ဖြန့်နိုင်ကြပြီး ငြိမ်းချမ်းအေးမြသော ကမ္ဘာကြီးကို တည်ဆောက်နိုင်ကြပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါသည်။ ။

မြတ်ဗုဒ္ဓပွင့်တော်မူလာခြင်းသည် လောကလူသားအားလုံးတို့၏ အသိဉာဏ်ကို ပွင့်လင်းစေသည်။ ဘဝ၏ အမှန်တရားကို သိမြင်စေသည်။ အမှောင်ကျနေသော လောကလူသားအားလုံးတို့အား ဓမ္မအလင်းရောင်ကို မြင်စေသည်။ ဘဝ၏အကြောင်း၊ ဘဝ၏သဘာဝ၊ ဘဝ၏ အနှစ်သာရ ကင်းမဲ့ပုံကို မြင်စေသည်။ ဘဝ၏ လွတ်မြောက်ရေး အမှန်တရားကိုလည်း သိစေသည်။



**မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် (၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းဖွင့်လှစ်သော (၂)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ ၂၀ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်ဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီရှိန်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးညွန့်ရှိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)





## ဘဏ္ဍာ/ အခွန် ဝန်ကြီးဗိုလ်ချုပ်လှထွန်း အရာထမ်းများနှင့်တွေ့ဆုံ ဝန်ထမ်းကျင့်ဝတ်နှင့်အညီ လုပ်ငန်းများဆောင်ရွက်ရေး မှာကြား

ရန်ကုန် ဒီဇင်ဘာ ၁၀

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ယမန်နေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမသို့ သွားရောက်၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အကောက်ခွန်ဦးစီးဌာနမှ အရာထမ်းများနှင့် သက်ဆိုင်ရာတာဝန်ရှိသူအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။** (အပေါ်ပုံ)

### မှာကြား

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကား ပြောကြားရာ၌ အရာထမ်းများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာရှိရှိတာဝန်သိသိဖြင့် ဝန်ထမ်းကျင့်ဝတ်နှင့်အညီ လုပ်ငန်းဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်က သတ်မှတ်ထားသည့် လျာထားချက်များ ပြည့်မီကျော်လွန်ရေး အလေးထား ဆောင်ရွက်ကြရန် အကျယ်တဝင့် မှာကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ရွာသာကြီးရှိ မော်တော်ယာဉ် အခွန်စည်းကြပ်ရေး စီမံချက်လုပ်ငန်း ကော်မတီ(တန်ဖိုးဖြတ်အဖွဲ့ရုံး)သို့ရောက်ရှိရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## တောင်ဥက္ကလာပမြို့နယ် အမှတ်( ၉ ) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၀

**တောင်ဥက္ကလာပမြို့နယ် အမှတ်(၉) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက တောင်ဥက္ကလာပ စက်မှုဇုန်ရှိ အဆိုပါကျောင်း၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်းနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ကျောင်းဆောင်သစ်အား မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး အောင်ဝင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ကြူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ကျောင်းဆောင်သစ်ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

### လွှဲပြောင်းပေးအပ်

ဆက်လက်၍ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကိုကျင်းပပြီး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး အောင်ဝင်းက ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဝန်ကြီး ဦးသန်းအောင်၊ ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံ၊ ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်းတို့ထံ အလှူရှင်များက အလှူငွေများပေးအပ် လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းသို့ ပြန်လည်မထွက်ခွာမီ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အထူးဧည့်ခန်းမဆောင်၌ ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး ထပ်မံတွေ့ဆုံနှုတ်ဆက်သည်။

### အမှတ်တရလက်ဆောင်ပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ်အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံ အယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေတို့ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

### ပို့ဆောင်နှုတ်ဆက်

ထို့နောက် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်သာဗီဘိုဒီဆိမ်းနှင့် သံရုံးအဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ပြီး ပြန်လည်ထွက်ခွာသွားသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။** (သတင်းစဉ်)



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရန်ကုန်မြို့တွင် ကျင်းပလျက်ရှိသည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ တက်ရောက်ရန် ရောက်ရှိနေသော ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Lu Lay Sreng နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

■ ကျောဖုံးမှ

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်ထံမှ ပေးပို့သော ကျောက်စိမ်းဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E Mr.Lu lay Sreng က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံ ဓမ္မလက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ **(သတင်းစဉ်)**

# ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နယ်စပ်/စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အားတွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. Lu Lay Sreng နှင့် အဖွဲ့သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ယနေ့နံနက် ၁၀နာရီခွဲတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(အောက်ပုံ)**

### ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် နှစ်နိုင်ငံအတွေ့အကြုံဖလှယ်ပြီး ပူပေါင်းဆောင်ရွက်သွားကြရန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

### တက်ရောက်

ထိုသို့တွေ့ဆုံရာသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေ၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဓမ္မဝိဟာရီကျောင်းတိုက် မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိပ်ကုန်းရပ်ကွက် ဓမ္မဝိဟာရီကျောင်းတိုက်အတွင်း ဒီဇင်ဘာ ၁၉ရက်မှ ၂၅ရက်အထိ ကျင်းပမည့် ခုနစ်ရက်တရားစခန်းတွင် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဝိသာရဒ (သာသနဓဇဓမ္မာစရိယ၊ ပရိယတ္တိသဒ္ဓမ္မနုဂ္ဂဟ ဓမ္မာစရိယ)၊ သင်တန်းနည်းပြဆရာကြီး ဦးကျော်မင်းနှင့် သီလရှင်ဆရာကြီး ဒေါ်ဝိဇ္ဇာသင်္ဂီတို့က ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်တရားများကို ဟောကြားပြသမည်ဖြစ်သည်။ စခန်းဝင်ယောဂီများနှင့် အလှူရှင်များသည် ဒီဇင်ဘာ ၁၈ရက်မတိုင်မီ ဖုန်း-၆၉၈၇၇၀၊ ၆၉၈၅၃၉၊ ၆၉၈၇၄၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

# အာဟာရဒါနကျွေးမွေးမည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ဗဟန်းမြို့နယ် ဆရာစံတောင်(စံပြ)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ၊အမျိုးသမီးရေးရာ၊ အရန်မီးသတ်တပ်ဖွဲ့တို့နှင့်အတူ စေတနာရှင်ပြည်သူများ စုပေါင်း၍ စတုဒိသာ အာဟာရဒါန ကျွေးမွေးလှူဒါန်းပွဲကို ဒီဇင်ဘာ ၁၀ရက်မှ ၂၀၀၅ခုနှစ် ဇန်နဝါရီ ၈ရက်အထိ မင်းလမ်းရှိ သာသနာ့ရှေ့ဆောင် ဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်ရာ မည်သူမဆို လာရောက် သုံးဆောင်နိုင်ကြောင်း သိရသည်။ **(က-ပ)**

## နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

**လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။**

**၂၀၀၄ ခုနှစ် ဒီဇင်ဘာလအတွက်**

**(၁၂-၁၂-၂၀၀၄)ရက်နေ့**

**နှင့်**

**(၂၆-၁၂-၂၀၀၄) ရက်နေ့**



# ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာအားနည်းသောကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှု ဝန်ကြီး ဦးသန်းအောင် ကြည့်ရှုအားပေး

ရန်ကုန် ဒီဇင်ဘာ ၁၀

**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်မျိုးမင်းတို့သည် ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၁၁ နာရီတွင် ဒဂုံမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း မြို့မခန်းမသို့ရောက်ရှိပြီး အဆိုပါကျောင်း၌ တက်ရောက်ပညာသင်ယူလျက်ရှိသည့် ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာအားနည်းသော ကျောင်းသားကျောင်းသူများ၏ ဂုဏ်ရှူးလေ့ကျင့်မှုများကို ကြည့်ရှုအားပေးသည်။**

## ရင်းရင်းနှီးနှီးတွေ့ဆုံ

ဆက်လက်၍ ဝန်ကြီး ဦးသန်းအောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့်အဖွဲ့သည် အဆိုပါကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဝန်ကြီး ဦးသန်းအောင်က ယခုလို အားမလျှော့ဘဲ ပညာသင်ယူနေကြသည်ကိုတွေ့မြင်ရသဖြင့် ဝမ်းမြောက်ကြောင်း၊ အခြေခံပညာအဆင့်သာမက အဆင့်မြင့်ပညာအဆင့်အထိ ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် ဆက်လက်ကြိုးစားကြစေလိုကြောင်း၊ ပညာထူးချွန်လျှင် ထူးချွန်သလောက်ပံ့ပိုးထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဝန်ကြီး ဦးသန်းအောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့်အဖွဲ့အား ဒဂုံမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မာသာဟိန်၊မေရီချက်(ပ်)မင်းနားမကြားသောကလေးများကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဆင့်နှင့် ဆရာမများက အဆိုပါ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားသင်ယူနေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဝန်ကြီးဦးသန်းအောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့်အဖွဲ့သည် ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားသင်ယူနေမှုများကိုလှည့်လည်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ကျောင်းစာကြည့်ခန်းနှင့် ကျောင်းကျန်းမာရေး ပြခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီး ဦးသန်းအောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့်အဖွဲ့သည် သုံးခန်းတွဲ တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုထပ်မံဖြည့်ဆည်းပေးရေးအတွက် မှာကြားသည်။

အဆိုပါ ကျောင်းတွင် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ အားနည်းသော ကျောင်းသားကျောင်းသူ ၄၈ ဦး တက်ရောက်ပညာသင်ယူလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

# တရားတော်ဟောကြားမည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် သဇင်ရေကျော် မိုးကုတ်ဓမ္မရိပ်သာ သာသနာပြုဓမ္မကထိက ဓမ္မာစရိယ အရှင်ပဏ္ဍဝံသနှင့် အရှင်ကောသလ္လအရှင်သူမြတ်တို့သည် တန်ဆောင်မုန်းလပြည့်ကျော် ၁၄ရက်မှ နတ်တော်လဆန်း ၃ရက်အထိ တပ်ကုန်းမြို့နယ် ပိန်းတောရွာ ဘုန်းတော်ကြီးကျောင်း၌လည်းကောင်း၊ ၅ ရက်မှ ၁၁ ရက် အထိ မုန်းမြို့ ကျောက်ကြီးကျောင်း မိုးကုတ်ရိပ်သာ၌လည်းကောင်း၊ နတ်တော်လဆန်း ၁၃ ရက်မှ လပြည့်ကျော် ၄ရက်အထိ တွံတေးမြို့ စကြာကျောင်း မိုးကုတ်ရိပ်သာ၌လည်းကောင်း၊နတ်တော်လပြည့်ကျော် ၆၊၇ရက် မြောက်ဥက္ကလာပ (၂)ရပ်ကွက် သာသနာ့ဟိတဓမ္မာရုံ၌လည်းကောင်းမိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်တို့ကို ဟောကြားပြသမည်ဟု သိရသည်။ **(က–ပ)**

*ရှေ့ဖုံးမှ*

ပြန်လည်ဝင်ရောက်ခဲ့ပြီး ဟန်ဘန်တိုတာခရိုင် ကိုယ်စားပြုသည့် မဲဆန္ဒ ၁၀၇၆၀၃ ကို ရရှိခဲ့သည်။ ယင်းခရိုင် မဲအရေအတွက် ၁၇၈၈၉၅ ရရှိရန်အတွက် လွတ်လပ်သော မဟာမိတ်ကိုယ်စားလှယ်များကို ဦးဆောင်ခဲ့သည်။

မစ္စတာမဟင်ဒါရာဂျာပက်(ခ်)စီသည် တောင်ပိုင်းဒေသ၏ လူသိများပြီး လေးစားအပ်သော နိုင်ငံရေးသမား မစ္စတာဒီအေရာဂျာပက်(ခ်)စီ၏ သားဖြစ်ပြီး ဖခင်ခြေရာကိုလိုက်၍ ၁၉၇၀ ပြည့်နှစ် အသက်(၂၅)နှစ်တွင် ပါလီမန်သို့ဝင်ရောက်ခဲ့သည်။ ၎င်း၏ ဖခင်သည် သီရိလင်္ကာလွတ်မြောက်ရေးပါတီကို ပူးပေါင်းထူထောင်ခဲ့သူဖြစ်သည်။ ၁၉၅၂ ခုနှစ်တွင် ၎င်း၏ ဖခင်သည် အမျိုးသားညီညွတ်ရေးပါတီမှထွက်၍ ယခင် အက်စ်ဒီဗလျူအာရ်ဒီဘန်ဒါရာနိုက်ကေးနှင့်အတူ သီရိလင်္ကာလွတ်မြောက်ရေးပါတီကို ဖွဲ့စည်းခဲ့သည်။

၎င်း၏ဖခင်သည် အက်စ်ဒီဗလျူအာရ်ဒီဘန်ဒါရာနိုက်ကေး၏ လူထုအမှုပြုသော နိုင်ငံရေးပါတီဖွဲ့စည်းတည်ထောင်ရာတွင် လက်ရုံးတစ်ဦးဖြစ်ခဲ့သည်။

မစ္စတာမဟင်ဒါရာဂျာပက်(ခ်)စီသည် ၁၉၇၀ ပြည့်နှစ် အသက်(၂၅)နှစ်အရွယ်တွင် အတွေ့အကြုံများစွာရှိပြီး ရင့်ကျက်သော အမျိုးသားအမျိုးသမီးများတို့နှင့်ဖွဲ့စည်းထားသော ပါလီမန်တွင် အငယ်ဆုံးသော ပါလီမန်အဖွဲ့ဝင် တစ်ဦးအဖြစ် မှတ်တမ်းတင်ခဲ့သူဖြစ်သည်။၎င်းသည် ဂါလီရှိ ရစ်ချ်မွန်ကောလိပ်၊ ကိုလံဘိုရှိ နလင်ဒါကောလိပ်နှင့် တတ်(စ်)တန်ကောလိပ်တို့တွင် ပညာဆည်းပူးခဲ့သည်။

၁၉၉၄ ခုနှစ် ပြည်သူ့ညွန့်ပေါင်းပါတီ အစိုးရလက်ထက်တွင် အလုပ်သမားနှင့်သက်မွေးဝမ်းကျောင်းဝန်ကြီးတစ်ဦးဖြစ်ခဲ့သည်။ ၎င်းသည် ပရပ်ကုန်သွယ်ရေးအဖွဲ့ပေါင်းစုံကျောင်းမှ အောင်လက်မှတ်ရရှိခဲ့၍ နိုင်ငံ၏ အလုပ်လုပ်သူများ၏ ကောင်းကျိုးအတွက် ဆောင်ရွက်ပေးနိုင်သူ တစ်ဦးဖြစ်သည်။ ယင်းနောက် ၎င်းအား ငါးလုပ်ငန်းနှင့် ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးအဖြစ်ခန့်အပ်ခဲ့သည်။ ငါးလုပ်ငန်း အဖွဲ့အစည်းအတွင်း လူနေအိမ်ခြေပြဿနာအား ဖြေရှင်းနိုင်ရန်အတွက် ဒီယာဝါရာဂမ်မာန အစီအစဉ်ကို ဆောင်ရွက်ခဲ့သည်။ ၎င်းအားသင်္ဘောပစ္စည်းသယ်ယူပို့ဆောင်ရေး ဝန်ကြီးအဖြစ်လည်းခန့်အပ်ခဲ့သည်။ သီရိလင်္ကာလွတ်မြောက်ရေးပါတီ၏ ဒုတိယဥက္ကဋ္ဌအဖြစ် မစ္စတာမဟင်ဒါရာဂျာပက်(ခ်)စီသည် လွတ်လပ်သောမဟာမိတ်အဖွဲ့အစည်း၏ အောင်မြင်မှုအတွက် အဖွဲ့၏ပူးတွဲဖွဲ့စည်းသူအနေဖြင့် စည်းရုံးခဲ့သူဖြစ်သည်။

အင်အားကြီး အမျိုးသားညီညွတ်ရေးပါတီ၏ ဂျေအာရ်ဂျာရေဝါဒါနာနှင့် အာရ်ပရီမာဒါဆာအုပ်ချုပ်စီမံရေးကို ဆန့်ကျင်သည့် သီရိလင်္ကာလွတ်မြောက်ရေးပါတီ၏ ဆန့်ကျင်ဘက်ဆန္ဒပြပွဲများ၊ လူထုစည်းရုံး လှုံ့ဆော်ဆွေးနွေးပွဲများစသည့် လှုပ်ရှားမှုများကိုဖန်တီးခဲ့ပြီး အစဉ်အမြဲတက်ကြွစွာ ဦးဆောင်ခဲ့သူဖြစ်သည်။

၂၀၀၁ခုနှစ်တွင် မဟာသံဃမှ မျိုးချစ်ဆုတံဆိပ် ရှရီရိုဟာနာဂျာနာရန်ဂျီမာအား ချီးမြှင့်ခဲ့သည်။

မစ္စတာမဟင်ဒါရာဂျာပက်(ခ်)စီသည် မဒမ်ရှီရန်သီရာဂျာပက်(ခ်)စီနှင့် အိမ်ထောင်ပြု၍ သားသုံးယောက်ရှိသည်။

# ဆန်ညိုလျှပ်စစ်ပစ္စည်းများ ရှင်းလင်းပြသ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

OK Myanmar Co., Ltd. က တင်သွင်း ဖြန့်ချိလျက်ရှိသည့် SANYO လျှပ်စစ်ပစ္စည်းသစ်များအား ရှင်းလင်းပြသပွဲအခမ်းအနားကို ယမန်နေ့ညနေ ၆နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေး စေတီလမ်းရှိ Excel Treasure Hotel ၏ Crystal Jade ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် OK Myanmar Co., Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးကျော်ကျော်လှိုင်က SANYO လျှပ်စစ်ပစ္စည်းများ တင်သွင်းဖြန့်ဖြူးခဲ့သည့်အခြေအနေ၊ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အစီအစဉ်နှင့် တိုးချဲ့တင်သွင်းဖြန့်ချိမည့် အခြေအနေများကိုလည်းကောင်း၊ ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးဇော်ဝိတ် (အငြိမ်းစား)က SANYO လျှပ်စစ်ပစ္စည်းများ၏ အရည်အသွေးနှင့်အာမခံချက်၊ သုံးစွဲသူများအတွက် အာမခံချက်အပြည့်အဝရှိသည့်ဝန်ဆောင်မှုလုပ်ငန်းများ၊စီမံကိန်းလုပ်ငန်းကြီးများအတွက် လေအေးပေးစက်များ တင်သွင်းမည့် အခြေအနေနှင့် ဈေးနှုန်းသက်သာစွာ ဖြန့်ချိရောင်းချပေးမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ခန်းမအတွင်းခင်းကျင်းပြသထားသည့် ဂျပန်နိုင်ငံ SANYO Electronic ကော်ပိုရေးရှင်းမှ ထုတ်လုပ်ပြီး OK Myanmar Co., Ltd. က ဖြန့်ချိရောင်းချလျက်ရှိသော SANYO အမှတ်တံဆိပ်လေအေးပေးစက်အမျိုးမျိုး၊ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းအမျိုးမျိုးတို့ကို ကြည့်ရှုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## စုံစမ်းနိုင်

အဆိုပါ OK Myanmar Co., Ltd. ၏ SANYO လျှပ်စစ်ပစ္စည်းများ အရောင်းပြခန်းကို ဗဟန်းမြို့နယ် ရွှေဂုံတိုင်မီးပွိုင့်အနီးရှိ ဒဂုံတာဝါတွင် ဖွင့်လှစ်ထားရှိပြီး Service လုပ်ငန်းကို ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်း(အလယ်)တွင် ဖွင့်လှစ်ထားရှိရာ ဆက်သွယ်ဝယ်ယူလိုသူများသည် ဖုန်း–၅၄၄၄၆၄၊ ၅၄၄၄၆၅ နှင့် ၅၅၈၂၉၁ တို့သို့ လည်းကောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ သိရှိလိုပါက ဖုန်း–၃၇၆၉၇ နှင့် ၃၈၄၇၄၈ တို့သို့ လည်းကောင်း ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**SANYO လျှပ်စစ်ပစ္စည်းသစ်များအား ရှင်းလင်းပြသပွဲ အခမ်းအနားတွင် ပြသထားသော လျှပ်စစ်ပစ္စည်းများကို တွေ့ရစဉ်။**
(သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြား

**၁၁–၁၂–၂၀၀၄**
**(စနေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **“ရှည်လျားတဲ့ ဘဝသံသရာ”**

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀ ၄။ ချစ်သူစုံတွဲ တူယှဉ်နွဲ
၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် ဗျည်းများ (အရှေ့တိုင်း၊ မြန်မာ၊ ဒဿနိက၊ ရသအထူးပြု)
၅:၃၅ ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ကြယ်တစ်ပွင့်ရဲ့ ဒိုင်ယာရီ”** (အပိုင်း–၅)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မြန်မာ့ရှုခင်း
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ English Premier League ဘောလုံးပွဲ Newcastle United Vs Portsmouth

# အထက(၂)သာကေတ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

သာကေတမြို့နယ် အထက(၂)တွင် ၁၉၆၇ ခုနှစ်မှ ၁၉၈၄ ခုနှစ်အတွင်း လုပ်သက်သုံးနှစ်နှင့်အထက် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၅၆)နှစ်နှင့်အထက် ဆရာ ဆရာမကြီးများအား တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အထက(၂) စိန်ညီလာခန်းမ၌ ဒီဇင်ဘာ ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

လုပ်သက်ပြည့် ဆရာ ဆရာမကြီးများ ဆက်သွယ်ကြရန်၊ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဦးသန်းထွန်း ဖုန်း–၅၄၂၆၇၂၊ ဦးသန်းမြင့် ဖုန်း–၇၂၈၂၈၈၊ ဦးဝင်းကြည် ဖုန်း–၅၅၀၃၃၂၊ ဦးသန်းကျော်ဝင်း ဖုန်း–၅၄၁၅၀၅၊ ဦးဇော်ကြီး ဖုန်း–၅၄၇၂၁၉၊ ဒုတိယဗိုလ်မှူးကြီးသိန်းဝင်းညွန့် ဖုန်း–၀၉–၀၅–၁၅၃၀၅၊ ဒေါက်တာသောင်းဝင်း ဖုန်း–၀၉–၈၀–၂၁၆၇၁၊ ၅၄၇၀၇၂နှင့် ဦးမျိုးဝင်း ဖုန်း–၅၄၇၃၆၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**



ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးအစုအဖွဲ့ အမှတ်(၁)၏ "ဗုဒ္ဓဘာသာသည် ကမ္ဘာပေါ်တွင် အရေးပါမှု" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူ၌ ကျင်းပစဉ်။ (သတင်းစဉ်)

# ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အစုအဖွဲ့အလိုက်ဆွေးနွေးပွဲများကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနကတာဝန်ယူ ကြီးမှူးကျင်းပ၍ ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာ ဦးသျှောင်ဆရာတော်ကြီးများ၊ ဗုဒ္ဓဘာသာဂိုဏ်းအသီးသီးမှ ဂိုဏ်းချုပ်ဘုန်းတော်ကြီးများ၊ အထက်တန်းကမ္ဘာ့ဗုဒ္ဓဘာသာသုတေသီပညာရှင်များ တက်ရောက်ဆွေးနွေးလျက်ရှိသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး၏ ယနေ့ဒုတိယနေ့ မွန်းလွဲပိုင်းအစီအစဉ်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၊ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၊ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ရှင်းလင်းဟောပြောခန်းမနှင့် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)ဘွဲ့နှင်းဓမ္မာရုံ သိမ်တော်ကြီးတို့၌ အဖွဲ့များခွဲ၍ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကို ကျင်းပသည်။

## တက်ရောက်

ယင်းသို့အဖွဲ့များခွဲ၍ ဆွေးနွေးပွဲများကျင်းပရာတွင် ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး အစုအဖွဲ့အမှတ်(၁)၏ **"ဗုဒ္ဓဘာသာသည် ကမ္ဘာပေါ်တွင်အရေးပါမှု"**ခေါင်းစဉ်ဖြင့် ကျင်းပသည်။

အဆိုပါ အစုအဖွဲ့ဆွေးနွေးပွဲသို့ နီပေါနိုင်ငံမှ ဆရာတော် Ven. Nyanapunnika နှင့် ပြည်တွင်းပြည်ပတို့မှ ဆရာတော်များ၊ မဟာယာန ဘုန်းတော်ကြီးများ၊ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး အိန္ဒိယနိုင်ငံမှ ဝိပဿနာတရားပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဂိုအင်ကာ၊ ကမ္ဘာ့ဗုဒ္ဓဘာသာသုတေသီပညာရှင်များနှင့် ပြည်တွင်းပြည်ပတို့မှ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး၏ ကိုယ်စားလှယ် စုစုပေါင်း ၃၀၀ခန့် တက်ရောက်ကြသည်။

အစုအဖွဲ့ဆွေးနွေးပွဲတွင် သဘာပတိ ဆရာတော်အဖြစ် နီပေါနိုင်ငံမှ ဆရာတော် Ven. Nyanapunnika က ဆောင်ရွက်တော်မူပြီး ဦးဆောင်ဆွေးနွေးသူ ဆရာတော်အဖြစ် ဗြိတိန်နိုင်ငံမှ Ven.Dr. Dhammasami (Oxford˚ University)က ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ သဘာပတိ ဆရာတော် နီပေါနိုင်ငံမှ ဆရာတော် Ven. Nyanapunnikaက ဩဝါဒကထာ မြွက်ကြားတော်မူသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဆရာတော်ဒေါက်တာ အရှင်အာဒိစ္စ၊ အိန္ဒိယနိုင်ငံမှ ဝိပဿနာတရားပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဂိုအင်ကာ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဆရာတော် အရှင်ဆေကိန္ဒနှင့် ဗြိတိန်နိုင်ငံမှ ဒေါက်တာစိုးလွင်တို့က စာတမ်းများကို ဖတ်ကြားတင်သွင်းလျှောက်ထားကြရာ ပြည်တွင်းပြည်ပတို့မှ သံဃာတော် အရှင်သူမြတ်များ၊ မဟာယာန ဘုန်းတော်ကြီးများနှင့် အမေရိကန်ပြည်ထောင်စုမှ ဆရာတော် အရှင်ပီယတိဿနှင့် ဒေါက်တာသိန်းကျော်၊ မြန်မာနိုင်ငံမှ ပါမောက္ခ ဦးတင်လွင်၊ ဒေါက်တာတင်လှိုင်နှင့် ပညာရှင်များက ပါဝင်ဆွေးနွေးကြရာ စာတမ်းဖတ်ကြားသော ဆရာတော်များက ပြန်လည်ရှင်းလင်းမိန့်ကြားတော်မူကြပြီး တရားပြဆရာကြီး ဦးဂိုအင်ကာက ပြန်လည်ရှင်းလင်းပြောကြားကာ အစုအဖွဲ့ဆွေးနွေးပွဲအမှတ်(၁)ကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

## အစုအဖွဲ့အမှတ်(၂)

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး၏ **"ဗုဒ္ဓဘာသာပညာရေးအဖွဲ့"** ခေါင်းစဉ်ဖြင့် အစုအဖွဲ့အမှတ်(၂)၏ ဆွေးနွေးပွဲကို မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကမ္ဘာ့နိုင်ငံအသီးသီးမှ ဆရာတော် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဗုဒ္ဓဘာသာဂိုဏ်းအသီးသီးမှ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး၏ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါ အစုအဖွဲ့ဆွေးနွေးပွဲတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံမှ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသက ဆောင်ရွက်တော်မူပြီး အဖွင့်ဩဝါဒကထာမြွက်ကြားတော်မူသည်။

## ဆွေးနွေးတင်ပြ

ထို့နောက် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး၏ ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော အမေရိကန်ပြည်ထောင်စုမှ ဆရာတော် ဘဒ္ဒန္တ ဣန္ဒက၊ မြန်မာနိုင်ငံမှ အရှင်ပုဏ္ဏောဘာသ၊ ဩစတြေးလျနိုင်ငံမှ ဆရာတော် Ven.Pannavaro၊ ဂျာမနီနိုင်ငံမှ ဆရာတော် Lama Lhundrup၊ မြန်မာနိုင်ငံမှ ဒေါက်တာခင်မောင်ညွန့်၊ မလေးရှားနိုင်ငံမှ Dato' Dr. G.K.A.Kumarasiri၊ ထိုင်းနိုင်ငံမှ ဆရာတော် Ven. Phrasripariyattimoli၊ ဗီယက်နမ်နိုင်ငံမှ ဆရာတော် Ven.Rong BE (Knmer Krom)၊ ကနေဒါနိုင်ငံမှ အရှင်ကောဝိဒ၊ အိန္ဒိယနိုင်ငံမှ ဆရာတော် Ven.Dr. Styapala˚၊ မြန်မာနိုင်ငံမှ ဦးမောင်မောင်လေး၊ အိန္ဒိယနိုင်ငံမှ Ven.Khikkhu Sanghasena˚၊ ဗြိတိန်နိုင်ငံမှ ဒေါက်တာညီညီ၊ ဂျာမနီနိုင်ငံမှ သီလရှင်ဆရာကြီး ဒေါ်အဂ္ဂညာဏီ၊ နယ်သာလန်နိုင်ငံမှ သီလရှင်ယောဂီဒေါ်ဇောတိကဟာမီဆန်နှင့် မြန်မာနိုင်ငံမှ ဒေါ်စောရည်မွန်တို့က ဗုဒ္ဓဘာသာပညာရေးကို အခြေခံပညာကျောင်းများ၌ ပညာရပ်တစ်ခုအနေဖြင့် သင်ကြားရေး၊ ဘုန်းတော်ကြီးသင် ပညာရေးစနစ်တွင် ပထမငယ်တန်းနှင့် ပထမလတ်တန်းတို့၌ အင်္ဂလိပ်စာကို ဘာသာတစ်ခုရပ်အနေဖြင့် လေ့ကျင့်သင်ကြားပေးရေး စသည့် ဗုဒ္ဓဘာသာပညာရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြတော်မူကြသည်။

ဆက်လက်၍ ဗုဒ္ဓဘာသာ ပညာရေးကိစ္စများကို ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး၏ ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးကြသည်။

ထို့နောက် သဘာပတိ ဆရာတော်က နိဂုံးချုပ်ဩဝါဒကထာ မြွက်ကြားတော်မူပြီး အစုအဖွဲ့ ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး **"ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေး"** (Promotion and Propagation of Buddhism) ခေါင်းစဉ်ဖြင့် အစုအဖွဲ့ အမှတ်(၃)၏ အစုအဖွဲ့ ဆွေးနွေးပွဲကို မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော်အနီးရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ရှင်းလင်းဟောပြောခန်းမ၌ ကျင်းပသည်။

အဆိုပါ အစုအဖွဲ့ ဆွေးနွေးပွဲသို့ အင်ဒိုနီးရှားနိုင်ငံ၊ နီပေါနိုင်ငံ၊ မက္ကဆီကိုနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ထိုင်းနိုင်ငံ၊လာအိုနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တို့မှ ဆရာတော် သံဃာတော်များ၊ အထက်တန်း ကမ္ဘာ့ဗုဒ္ဓဘာသာ သုတေသီပညာရှင်များ၊ ဗုဒ္ဓဘာသာဂိုဏ်းအသီးသီးမှ လေ့လာသူများနှင့် ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန်တက္ကသိုလ်မှ တွဲဖက်ပါမောက္ခနှင့် ပြည်တွင်းပြည်ပတို့မှ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး၏ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစုအဖွဲ့ ဆွေးနွေးပွဲတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်မှ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာသီလာနန္ဒာ စာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် နိုင်ငံခြားဘာသာများ မဟာဌာနမှ မဟာဌာနမှူး ဦးစဝ်ထွန်းမှတ်ဝင်းက ဖတ်ကြားဆွေးနွေးမည့် ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေး ခေါင်းစဉ်နှင့် စပ်လျဉ်း၍ ပဏာမ ရှင်းလင်းလျှောက်ထားသည်။

## ဖတ်ကြားတင်သွင်း

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)ဆရာတော်ဒေါက်တာ ကုမာရာဘိဝံသက **"မြတ်ဗုဒ္ဓသာသနာတော် သန့်ရှင်းရေးနှင့် ကျင့်စဉ်လေးရပ်"**စာတမ်းကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပရိယတ္တိဌာန ဌာနမှူး ဆရာတော် ဘဒ္ဒန္တ ကောသလ္လက **"ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးတွင် နိုင်ငံတော်၏ပံ့ပိုးမှု အခန်းကဏ္ဍများ"** စာတမ်းကို လည်းကောင်း၊ ဗြိတိန်နိုင်ငံ ဘာမင်တန်မြို့ ဗုဒ္ဓဝိဟာရ ကျောင်းတိုက်မှ ဆရာတော်ဒေါက်တာ ဥတ္တရာဉာဏာဘိဝံသက **"ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးနှင့် (၂၁) ရာစုနှစ်"**စာတမ်းကို လည်းကောင်း ဖတ်ကြားတင်သွင်း လျှောက်ထားကြသည်။

ထို့နောက် အစုအဖွဲ့ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ပြည်တွင်းပြည်ပမှ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး၏ ကိုယ်စားလှယ်များက စာတမ်းများအပေါ် ပြန်လည်ဆွေးနွေးသုံးသပ်ကြပြီး ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြကာ အစုအဖွဲ့ အမှတ်(၃)၏ အစုအဖွဲ့ ဆွေးနွေးပွဲကို ရပ်နားလိုက်သည်။

## အစုအဖွဲ့အမှတ်(၄)

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အစုအဖွဲ့အမှတ်(၄)၏ (Buddhist Meditation and World Peace)ခေါင်းစဉ်ဖြင့် အစုအဖွဲ့ဆွေးနွေးပွဲကို မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ ဘွဲ့နှင်းဓမ္မာရုံသိမ်တော်ကြီး၌ ကျင်းပသည်။

## တက်ရောက်ကြည်ညို

အဆိုပါ အစုအဖွဲ့ဆွေးနွေးပွဲသို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်



ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးအစုအဖွဲ့အမှတ်(၂)၏ "ဗုဒ္ဓဘာသာ ပညာရေးအဖွဲ့"ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝဏ္ဏိတ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ဒုတိယပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဥတ္တမ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)နှင့်(မန္တလေး)တို့မှ သံဃာတော်များ၊ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ တက်ရောက်လျက်ရှိကြသော ပြည်ပနိုင်ငံများဖြစ်သည့် ဂျမေကာ၊ လာအို၊ စင်ကာပူ၊ သီရိလင်္ကာ၊ ဆွစ်ဇာလန်၊ ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ အမေရိကန်ပြည်ထောင်စု၊ ကိုရီးယား၊ ဘင်္ဂလားဒေ့ရှ်နှင့် ဩစတြေးလျနိုင်ငံများမှ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်တွင်းပြည်ပတို့မှ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး၏ ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြည်ညိုကြသည်။

*စာမျက်နှာ ၇ ကော်လံ ၁*

11-12 (06).p65 6 3/26/05, 1:18 PM

**စာမျက်နှာ ၆ မှ**

အစုအဖွဲ့ဆွေးနွေးပွဲတွင် သဘာပတိအဖြစ် အမေရိကန်ပြည်ထောင်စု The Bhavana Society Forest Monastery and Retreat Center in the Theravada Tradition မှ President Ven.Dr.H. Gunaratana က ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာ မင်းတင်မွန်က ဆောင်ရွက်သည်။

ရှေးဦးစွာ အစုအဖွဲ့ ဆွေးနွေးပွဲကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ဖွင့်လှစ်တော်မူကြပြီး အစုအဖွဲ့ သဘာပတိဆရာတော်က အဖွင့်သြဝါဒကထာ မြွက်ကြားတော်မူသည်။

**ဖတ်ကြားတင်သွင်း**

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်မှ မဟာဌာနမှူး ဆရာတော် ဒေါက်တာ အရှင်စန္ဒာဝရာဘိဝံသက "Buddhist Meditation and World Peace" စာတမ်းကို လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ပါမောက္ခ ဆရာတော် ဒေါက်တာ အရှင်ဓမ္မပိယ(အမေရိကန်)က "Nibbanain the Theravada Perspactive" စာတမ်းကိုလည်းကောင်း၊ ဂျမေကာနိုင်ငံမှ ဘဒ္ဒန္တ လောကနာထ က "Buddhist Meditation and World Peace" စာတမ်းကို လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာ မင်းတင်မွန်က "Break Through in Tranquillity Meditation and Break Through in insight Meditation" စာတမ်းများကိုလည်းကောင်း ဖတ်ကြားတင်သွင်းကြသည်။

ယင်းနောက် အစုအဖွဲ့ သဘာပတိ ဆရာတော်က တင်သွင်းသော စာတမ်းများနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးတော်မူပြီး တက်ရောက်လာကြသော ပြည်တွင်း ပြည်ပတို့မှ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကြီး၏ ကိုယ်စားလှယ်များ၏ မေးခွန်းများကို သက်ဆိုင်ရာ စာတမ်းရှင် ဆရာတော်များနှင့် ပါမောက္ခ ဒေါက်တာ မင်းတင်မွန်တို့က ပြန်လည်ဖြေကြားကြသည်။

ထို့နောက် သဘာပတိ ဆရာတော်က နိဂုံးချုပ် သြဝါဒကထာ မြွက်ကြားတော်မူပြီး အစုအဖွဲ့ အမှတ်(၄)၏ အစုအဖွဲ့ ဆွေးနွေးပွဲကို ရပ်နားလိုက်သည်။

**(သတင်းစဉ်)**

**ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီး ညီလာခံကြီး အစုအဖွဲ့အမှတ်(၃)၏ "ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေး"ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ခန်းမ၌ ကျင်းပစဉ်။**

(သတင်းစဉ်)



**ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး အစုအဖွဲ့အမှတ်(၄)၏ "Buddhist Meditation and World Peace"ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပစဉ်။**

(သတင်းစဉ်)



# နတ်မောက်မြို့နယ်အသင်း နတ်မောက်နွယ်ဖွား သံဃာတော်များပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၅)ကြိမ်မြောက် နတ်မောက်နွယ်ဖွား သံဃာတော်များ ပူဇော်ပွဲ၊ သက်တော်ရှည် ဆရာတော်ကြီးများ၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များနှင့် စာအောင်သံဃာတော်များ ပူဇော်ပွဲ၊ သက်ကြီးနာယကများ၊ အဘိုး၊ အဘွားများပူဇော်ပွဲ၊ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်သူများနှင့် ဂုဏ်ထူးရကျောင်းသူကျောင်းသားများဂုဏ်ပြုပွဲကို ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းနှင့် ကမ်းနားလမ်းထောင့် သာစုကျောင်းတိုက်ဓမ္မာရုံတွင် ဒီဇင်ဘာ ၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်သည်။ နတ်မောက်နွယ်ဖွား သံဃာတော်များနှင့် နတ်မောက်နွယ်ဖွားများ ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် ကျောင်းတိုက်ဆရာတော် ဦးဥက္ကံသ ဖုန်း–၀၁–၅၁၂၀၆၆ နှင့် ဦးအောင်သန်းထွန်း ဖုန်း–၅၄၃၃၉၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

**သာသာယာယာ**

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာသာယာယာ ရှိမည်။**

# ကမ္ဘောဒီးယားနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကြည့်ရှုလေ့လာ

ရန်ကုန် ဒီဇင်ဘာ ၁၀

**ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့၌ရောက်ရှိနေသည့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Lu Lay Sreng နှင့် အဖွဲ့ဝင်များသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E.Mr. Hul Phany နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သာကေတမြို့နယ် သန်လျင်တံတားအနီးရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။**

**ကြိုဆိုနှုတ်ဆက်**

ဧည့်သည်တော်ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရှေးဦးစွာ ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. Lu Lay Sreng နှင့် အဖွဲ့ဝင်များအား ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ ရှင်းလင်းဆောင်၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန်းဆွေက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် ဧည့်သည်တော်ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည်တာဝန်ရှိသူများလိုက်ပါလျက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်း မော်တော်ယာဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြပြီး ဗမာတိုင်းရင်းသားကျေးရွာ၊ ကရင်တိုင်းရင်းသားကျေးရွာ၊ မွန်တိုင်းရင်းသားကျေးရွာ၊ ချင်းတိုင်းရင်းသား ကျေးရွာ၊ ကချင်တိုင်းရင်းသားကျေးရွာတို့ကို ကြည့်ရှုလေ့လာကြကာ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. Lu Lay Sreng သည် နန်းမြင့်မျှော်စင်ရှိ ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

**ကြိုဆိုနှုတ်ဆက်**

ထိုမှတစ်ဆင့် ဧည့်သည်တော် ဒုတိယ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက် ရတနာပြတိုက်သို့ ရောက်ရှိကြရာ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦး၊ အမှတ်(၁)စစ်ဒေသမှူး ဗိုလ်မှူးကြီး ထွန်းထွန်းဦးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Lu Lay Sreng သည် မြန်မာ့ကျောက်မျက်ရတနာပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် မြန်မာ့ကျောက်မျက် ရတနာများကို ကြည့်ရှုလေ့လာပြီး ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ မွန်းလွဲ၂နာရီခွဲတွင် ပြန်လည် ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Lu Lay Sreng နှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။**

(သတင်းစဉ်)

# သာသနာရေးဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်အား နီပေါနှင့်ကမ္ဘောဒီးယားနိုင်ငံတို့မှဝန်ကြီးများတွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၁၀

**သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်အား နီပေါနိုင်ငံ ယဉ်ကျေးမှု၊ ခရီးသွားနှင့်လေကြောင်းဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Deep Kumar Upadhayaya က ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာနဝန်ကြီး၏ ဧည့်ခန်းမသို့ သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံသာသနာရေးဆိုင်ရာ ကိစ္စများကို ရင်းနှီးချစ်ကြည်စွာ ဆွေးနွေးကြသည်။**

ယင်းတွေ့ဆုံပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးယာယီတာဝန်ခံ မစ္စတာ ဒီလစ်ကူးမား၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းတွေ့ဆုံပွဲသို့ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



● ရွှေ့ဖုံးမှ

## တက်ရောက်ကြည်ညို

အဆိုပါ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ဒုတိယနေ့ အခမ်းအနားသို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်မှ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဂဏာဓိပတိဂိုဏ်း အကြီးအကဲဆရာတော်များ၊ နိုင်ငံတော် သံဃမဟာနာယကဆရာတော်များ၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့မှ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော်၊ ပရိယတ္တိစာသင်တိုက်ကြီးများမှ ပဓာနနာယကဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၊အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်နှင့် မဟာသန္တိသုခ သာသနာပြုကျောင်းတော်ကြီးတို့မှ သံဃာတော်များ၊ မြန်မာနိုင်ငံရှိ မဟာယာနဘုန်းတော်ကြီးများ၊ ပြည်တွင်း ပြည်ပမှ သာသနာ့နွယ်ဝင်သီလရှင်များ ကြွရောက်တော်မူကြပြီး ပြည်ပနိုင်ငံများဖြစ်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ သံဃရာဇာ ဆရာတော်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ကနေဒါနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နိုင်ငံ၊ ချက်သမ္မတနိုင်ငံ၊ ရိုမေးနီးယားနိုင်ငံ၊ မက္ကဆီကိုနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ နီပေါနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ဆွီဒင်နိုင်ငံ၊ ဂျမေကာနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ဆရာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ မဟာယာန လူပုဂ္ဂိုလ်များ၊ သာသနာ့နုဂ္ဂဟ ဘွဲ့ရလူပုဂ္ဂိုလ်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပမှ သတင်းစာဆရာများ၊ ရန်ကုန်မြို့ရှိ စေတီတော်များမှ ဂေါပကအဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံပေါင်း ၃၈ နိုင်ငံမှ အထက်တန်းကမ္ဘာ့ဗုဒ္ဓဘာသာသုတေသီ ပညာရှင်များ၊ ဗုဒ္ဓဘာသာဂိုဏ်းအသီးသီးမှ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး၏ ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြည်ညိုကြသည်။

### ဖူးမြော်ကြည်ညိုကြိုဆို

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ဒုတိယနေ့ အခမ်းအနားအစီအစဉ်များ မစတင်မီ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံကျောင်း ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ၊ အကျိုးတော်ဆောင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ ဒုတိယအဓိပတိ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရ၊ တွဲဖက်အကျိုးတော်ဆောင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ညောင်တုန်း ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဩဘာသ ဘိဝံသ နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ အရှင်သီလာနန္ဒာဘိဝံသတို့ ဦးဆောင်လျက် ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ သီရိလင်္ကာ၊ ဂျပန်၊ ကိုရီးယား၊ ရိုမေးနီးယား၊ အိန္ဒိယ၊ ချက်သမ္မတနိုင်ငံ၊ ဗြိတိန်၊ အမေရိကန်နှင့် ဂျာမနီနိုင်ငံများမှ ဆရာတော် အရှင်သူမြတ်၁၈ပါးတို့အား အခမ်းအနားဖြင့် ပင့်ဆောင်ကြရာတွင် ရှေ့ဆုံးမှ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းလှက အောင်သပြေစိုက် ပန်းဖလားကို ပိုက်၍လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်ထွန်းက ကွမ်းတောင်းကိုကိုင်ဆောင်၍လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းရွှေက ပန်းကလပ်ကိုကိုင်ဆောင်၍လည်းကောင်း၊ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၏ တောင်ဘက်အဝင်မှ မင်္ဂလာနတ်လမ်းအတိုင်း ပင့်ဆောင်လာရာ ယဉ်ကျေးမှုဝန်ကြီး



ပြည်ထောင်စုမြန်မာနိုင်ငံတော် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ ဆရာတော်ဒေါက်တာ အရှင်ဩသဓသာရက "ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေး" စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)



မက္ကဆီကိုနိုင်ငံမှ Ven Nandisena က "ဗုဒ္ဓဘာသာမဟုတ်သော တိုင်းပြည်များတွင် တရားတော်ကို မည်ကဲ့သို့ သင်ကြားပို့ချမည် ဟူသော အချက်နှင့် သက်ဆိုင်သည့် စိတ်ကူးစိတ်သန်းအချို့" စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)



ထိုင်းနိုင်ငံ Mahachulalongkornrajavidyalaya University မှ Ven Dr. Phra Suthivarayah က "ဗုဒ္ဓဘာသာနှင့် ကမ္ဘာငြိမ်းချမ်းရေး" စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)



ဗြိတိန်နိုင်ငံ International Buddhist Centre မှ Ven Golayaye Piyadassi Sri Saddhatissa က "ဗြိတိန်နိုင်ငံနှင့် ထေရဝါဒဗုဒ္ဓဘာသာ" စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ Vipassana Meditation Centre Igatpuri Mahara Shtra မှ ဝိပဿနာတရားပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးဂိုအင်ကာက "ဗုဒ္ဓဓမ္မ၏ ယနေ့ကမ္ဘာတွင် ဆွဲဆောင်မှု" စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)







ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ဒုတိယနေ့အခမ်းအနားသို့ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး၏ ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြည်ညိုကြစဉ်။ (မြန်မာ့အလင်း)

ဌာနနိုင်ငံတော်ဆိုင်းအဖွဲ့က မင်္ဂလာ ရေကင်းသံဖြင့် တီးခတ်ပူဇော်ပြီး ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူ သိမ်တော်ကြီးအတွင်း၌ နေရာယူထားကြသော ကမ္ဘာ့ဗုဒ္ဓ ဘာသာ ထိပ်သီးညီလာခံကြီး ဒုတိယနေ့ အခမ်းအနားသို့ တက်ရောက် ကြည်ညိုကြသည့် ပုဂ္ဂိုလ်အပေါင်း တို့က လက်အုပ်ချီမိုး၍ ဖူးမြော် ကြည်ညို ကြိုဆိုကြသည်။

ထို့နောက် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ဒုတိယနေ့ အခမ်းအနားကို နံနက် ၈ နာရီတွင် စတင်ကျင်းပရာ အခမ်းအနားမှူးများ အဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးစီး အရာရှိ တာဝန်ခံ ဦးဝင်းအောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည် ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွား ရေးဦးစီးဌာနမှ လက်ထောက်ညွှန် ကြားရေးမှူး ဦးရဲထွင့်တို့က ဆောင် ရွက်ကြသည်။

**အခမ်းအနားဖွင့်လှစ်**

ရှေးဦးစွာ ကြွရောက်တော်မူလာ ကြသော ဆရာတော် သံဃာတော် အရှင်သူမြတ်များနှင့် တက်ရောက် လာကြသော ပုဂ္ဂိုလ်အပေါင်းတို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ အခမ်းအနားကို ဖွင့်လှစ် ကြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီး ဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ မသီတာမိုးက ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ တီးခတ်သည့် ရိုးရာမြန်မာ့စောင်း ကိုးလက်ဖြင့်တွဲဖက်ကာ**'ထူးမခြားနား'** သီချင်းခန့်ကို သီဆိုပူဇော်သည်။

ဆက်လက်၍ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး တောင်ဘက်အဝင် မင်္ဂလာလမ်း လက်ဝဲဘက်ရှိ ခေါင်းလောင်းတော် ကြီးကို ကိုးကြိမ်ထိုး၍ပူဇော်သည်။

ထို့နောက် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ ကြွရောက် တော်မူလာကြသော ကမ္ဘောဒီးယား နိုင်ငံမှ သံဃာတော်များက မေတ္တာသုတ် ပရိတ်တော်ကို ရွတ်ပွားသရဇ္ဈာယ် တော်မူကြပြီး တက်ရောက်လာကြ သော ပုဂ္ဂိုလ်အပေါင်းတို့က သာဓု သုံးကြိမ်ခေါ်ဆိုကြသည်။

**သဝဏ်လွှာများဖတ်ကြား**

ယင်းနောက် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ ဂုဏ်ပြုပေးပို့ သော သဝဏ်လွှာများကို ဖတ်ကြား ရာတွင် ကမ္ဘောဒီးယားနိုင်ငံ သာသနာ ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Khun Haing၊ ကိုရီးယား သမ္မတနိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး ဝန်ကြီး H.E. Mr. Chung Dong-Chca၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံ Government Committee for Religious Affairs မှ Chairman, Ngo Yen Thi နှင့် စင်ကာပူ သမ္မတနိုင်ငံ The Singapore Budhist Meditation Centre မှ Ven.W.Sarada Maha Thero တို့၏ သဝဏ်လွှာများကို ကိုယ်စား လှယ်များက အသီးသီးဖတ်ကြားကြ သည်။

ဆက်လက်၍ အိန္ဒိယသမ္မတ နိုင်ငံ Vipassana Meditation Centre, Igatpuri Maharashtra° မှ ဝိပဿနာတရားပြ ဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးဂိုအင်ကာက ဗုဒ္ဓဓမ္မ၏ ယနေ့ကမ္ဘာ တွင် ဆွဲဆောင်မှုစာတမ်းကို ဖတ်ကြား ပြီး ပြည်ထောင်စုမြန်မာနိုင်ငံ စစ်ကိုင်း မြို့ စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်မှ ဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရက ဗုဒ္ဓသာသနာ တော် ထွန်းကားပြန့်ပွားရေး စာတမ်း ကိုလည်းကောင်း၊ ဗြိတိန်နိုင်ငံ International Buddhist Centre မှ Ven. Golayaye Piyadassi Sri Saddhatissa က ဗြိတိန်နိုင်ငံနှင့် ထေရဝါဒဗုဒ္ဓဘာသာ စာတမ်းကို လည်းကောင်း၊ မက္ကဆီကိုနိုင်ငံမှ Ven. Nandisena က ဗုဒ္ဓဘာသာ မဟုတ် သော တိုင်းပြည်များတွင် တရားတော် ကို မည်ကဲ့သို့ သင်ကြားပို့ချမည် ဟူသောအချက်နှင့် သက်ဆိုင်သည့် စိတ်ကူးစိတ်သန်းအချို့ စာတမ်းကို လည်းကောင်း၊ ထိုင်းနိုင်ငံ Maha Chulalongkornrajavidyalaya University မှ Ven. Dr. Phra Suthivarayah က ဗုဒ္ဓဘာသာနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး စာတမ်းတို့ကို လည်းကောင်း ဖတ်ကြားတော်မူကြရာ တက်ရောက်လာကြသော ပုဂ္ဂိုလ် အပေါင်းတို့က သာဓုသုံးကြိမ် ခေါ်ဆို ကြသည်။

ထို့နောက် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ဒုတိယနေ့ အခမ်းအနား ပထမပိုင်းအစီအစဉ်များ ကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်းကြပြီး နံနက် ၁၀ နာရီခွဲတွင် ရပ်နားလိုက်သည်။

**(သတင်းစဉ်)**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ဒုတိယနေ့ အခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ပြည်တွင်း ပြည်ပမှ ပုဂ္ဂိုလ်များ တက်ရောက်ကြည်ညို ကြစဉ်။** (သတင်းစဉ်)



## အမေ့အတွက် ရတနာလက်ဆောင်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာ တိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံ တော် ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဓမ္မ ကထိက ဆရာတော် အရှင်အာစာရ လင်္ကာရ အရှင်သူမြတ်ကိုယ်တိုင် ရေးသားပြုစုတော်မူသော အမေ့ အတွက် ရတနာလက်ဆောင်အပါ အဝင် စုစုပေါင်း အုပ်ရေ ၂၅၀၀၊ တန်ဖိုးငွေကျပ် ငါးသိန်းတန်ဖိုးရှိ စာအုပ်များလှူဒါန်းပွဲကို အမှတ် ၂၇ (က) အောင်သစ္စာလမ်းမ အနောက် အောင်မေတ္တာလမ်းသွယ်(၁) ကုလား ကျောင်းမှတ်တိုင် သမိုင်းလမ်းဆုံအနီး မရမ်းကုန်းရှိ မိခင်ကြီး ဒေါ်ညိုနေအိမ် ၌ ကျင်းပရာ အလှူခံများကိုယ်စား ညောင်ကန်အေးရိပ်သာမှ အရှင် အဂ္ဂ စာရက လက်ခံရယူသည်။ အဆိုပါ ကျမ်းစာအုပ်များကို ရယူလှူဒါန်းလိုပါ က ဖုန်း-၀၇၂-၂၂၁၇၀၊ ၂၁၁၆၉၊ ဖုန်း-၀၁-၆၅၁၁၉၄၊ ၆၆၄၉၀၉ မှ တစ်ဆင့် ဆက်သွယ်နိုင်ကြောင်း သိရ သည်။

**(က-ပ)**

## ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးအား ကြည်ညိုပူဇော်ဂုဏ်ပြုသည့် ထုတိဩဘာ၊ မင်္ဂလာ၊ ကေပိုဒ်ရတု

**ယုဝတီကဗျာရှင် တက္ကသိုလ်နွယ်သဇင်**

ဘုန်းပန်းပရမေ၊ ထိန်ထိန်ဝေသည့်၊ မြန်ပြည်ပူရ၊ တိုင်းဌာနဝယ်၊
ဆဋ္ဌသင်္ဂါယနာ၊ ပွဲမဟာကို၊ ကြီးစွာဆင်နွဲ၊ ခြိမ့်ခြိမ့်သဲခဲ့၊
ဝဲချီးကြေညာ၊ သီရိမင်္ဂလာတည့်၊ ကမ္ဘာအေးကုန်းမြေ၊ ဂုဏ်ပေါင်းဝေသား၊
အောင်မြေချက်ချာ၊ ပြည်မြန်မာဝယ်၊ မဟာပါသာဏလိုဏ်ဂူ၊ တံခွန်ထူသား
ဇမ္ဗူတစ်လွှား၊ လွှန်ကျော်ကြားရှင့်၊ ထွန်းကားသာသနာ၊ ဂုဏ်ရောင်ဖြာလျက်၊
ညီညာကျင်းပ၊ ကမ္ဘာ့ဗုဒ္ဓဘာသာ၊ ရွှေညီလာကို၊ ထိန်ဝါရောင်ညီး၊
ပြန်ဆုံစည်းလျက်၊ ထိပ်သီးညီလာခံ၊ များနိုင်ငံတို့၊ ရည်သန်ပေါင်းစု၊
မြတ်ကောင်းမှုကို၊ သာဓုခေါ်မည်၊ မနောကြည်၍၊ ရည်ရွယ်စိတ်မှန်း၊
ကမ္ဘဋ္ဌာန်းနှင့်၊ မင်္ဂလမ်းနိဗ္ဗူ၊ တောင်းဆုယူရှင့်၊ ဖြူစင်သီလ၊
မြတ်ဒါနနှင့်၊ သမထဝိပဿနာ၊ ထိန်ထိန်ဖြာလျက်၊ သာသနာသုံးရပ်၊
ပိဋကတ်ကို၊ မြတ်လှသံဃာ၊ ပေါင်းများစွာတို့၊ ဝိဟာတိုက်ကျောင်း၊
သိမ်တန်ဆောင်းနှင့်၊ သိန်းသောင်းမကာ၊ များပြားလှသည့်၊ ဗုဒ္ဓရုပ်ပွားတော်၊
ဓာတ်မွေတော်တို့၊ ပူဇော်တည်ထား၊ ဦးညွှတ်တွားသည့်၊ ဘုရားစေတီ၊
ပုဂံပြည်နှင့်၊ ရွှေရည်လွှမ်းခြုံ၊ ရွှေတိဂုံနှင့်၊ လုံးစုံများစွာ၊
ကျောင်းဝိဟာနှင့်၊ ရိပ်သာစခန်း၊ ကျင့်စဉ်လမ်းဖြင့်၊ ကြိုင်လျှမ်းထိန်ဝါ၊
ရွှေမြန်မာဟု၊ ကမ္ဘာတစ်ဝန်း၊ အောင်စည်ရွှမ်းလျက်၊ ထွန်းတောက်သာသနာ၊
အောင်ဩဘာနှင့်၊ တေဇာရွှန်းလက်၊ မျိုးဂုဏ်တက်ရှင့်၊ ထက်မြက်မိဋ္ဌာန်၊
ကျင့်ထိုက်တန်၍၊ ကြံစည်တွေးဆ၊ ညှိနှိုင်းကြလျက်၊ ဓမ္မစည်ကြီး၊ ရိုက်ခတ်တီး၍၊
ထိန်ညီးသာသနာ၊ ရွှေညီလာကို၊ ဩဘာဆင့်ကဲ၊ ခြိမ့်ခြိမ့်သဲအောင်၊
ဆင်နွဲနိုင်ပြီ၊ မြန်ရွှေပြည်ဟု၊ အောင်စည်ဆော်ရွှမ်း၊ အောင်မော်ကွန်းနှင့်၊
တင့်ရွှန်းတေဇာ၊ သာသနာကို၊ ဇေယျာအောင်တိတ်၊ အောင်နိမိတ်နှင့်၊
အောင်ဟိတ်ဆင်ကာ၊ ကြည်ညိုပါသည် ......

**သာသနာရောင်ဝါထိန်ဖြာ နေသို့လင်းစေသော်၊**
**ကမ္ဘာ၊သာသနာ၊ရှည်စွာ ဝေဖြာလင်း၍ဝင်းစေသော်၊**
**မေတ္တာဘာဝနာ သော်တာဝန်းသို့ ကမ္ဘာချဉ်း၍ သင်းစေသော်။ ။**

## ပေါက်ခေါင်း အထက အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပဲခူးတိုင်း ပေါက်ခေါင်းမြို့ အထက၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၆ရက် (တနင်္ဂနွေနေ့)မွန်းလွဲ၁နာရီတွင် ပေါက်ခေါင်းအထက ရွှေရတုခန်းမ၌ စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ရပ်ဝေးရပ်နီးနေ ကျောင်းသား ကျောင်းသူ ဟောင်းများသည် ရန်ကုန်မြို့တွင် ဦးချစ်ဦးမောင် P/6ရွှေဇလပ်လမ်း ရွှေစပယ် ရိပ်မွန် ဖုန်း-၀၁-၅၁၅၃၀၃-လိုင်းခွဲ၂၀၄၊ ပြည်မြို့တွင် ဦးကျော်ဆွေ(လောကပါလ အထူးကုဆေးခန်း)၊ ဦးမြင့်ဦး (ရင်ခွင်ဦး တေးဂီတမြို့သစ်)၊ ပေါက်ခေါင်းမြို့ ဦးသောင်းတင် (ရွှေပလောင်ရောင်းဝယ်ရေး)ဖုန်း-၀၅၃-၂၄၇၆၈နှင့် ဦးမော်စီ ဖုန်း-၀၅၃-၂၅၄၁၂ တို့သို့ ဆက်သွယ်လှူဒါန်းကြရန်နှင့် ပူဇော်ပွဲသို့ တက်ရောက် ကြရန် ကျင်းပရေးကော်မတီက နှိုးဆော်ထားသည်။ **(က-ပ)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၁-၁၂-၂၀၀၄ (စနေနေ့)**
**(၁၃၆၆ ခုနှစ် တန်ဆောင်မုန်း လကွယ်နေ့၊ ဥပုသ်နေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၅။ အကပြိုင်ပွဲ
- ၈:၁၅ ၆။ တေးဂီတအစီအစဉ်
- ၈:၃၀ ၇။ International News
- ၈:၄၅ ၈။ Grammar made Easy.

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၀၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၁၅ ၃။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်း
- ၁၂:၄၅ ၄။ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီး ညီလာခံကြီးပိတ်ပွဲ အခမ်း အနား တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ တေးဂီတအစီအစဉ်
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၁၇:၀၀ ၅။ နားဝင်ပီယံသူ့လက်သံ
- ၁၇:၁၅ ၆။ မြန်မာစာ မြန်မာစကား
- ၁၇:၃၀ ၇။ တေးဂီတအစီအစဉ်
- ၁၇:၄၅ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၈:၁၀ ၉။ တောင်းဆုပြည့်စုံမြတ်ဘုရား ရွှေတိဂုံ (အပိုင်း-၄)
- ၁၈:၃၀ ၁၀။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၂။ Discovery.
- ၁၉:၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်"** (အပိုင်း-၃၉)
- ၁၉:၃၅ ၁၄။ Union of Myanmar (Part-4)
- ၁၅။ Islands of Dhamma.
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မေတ္တာသည် ဆန်းကြယ်လှသည်"** (အပိုင်း-၂၄) (ဇာတ်သိမ်းပိုင်း)
- ၂၀။ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်း တရားတော်

## ပဲခူး ကံထူးဓမ္မရိပ်သာ ၁၀ ရက်တရားစခန်း

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ပဲခူးမြို့ ကံထူးဓမ္မရိပ်သာကျောင်း တိုက်၌ နှစ်စဉ်ကျင်းပသော မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဆရာတော်ဦးဝါယမ၊ ဆရာတော် ဦးပညာဝံသ(ဓမ္မာစရိယ နယ်လှည့်ဓမ္မ ကထိက)၊ ဆရာတော်ဦးဓမ္မာနန္ဒ(ဓမ္မ ကထိက)ဆရာတော်များက ခန္ဓာဉာဏ် ရောက်သစ္စာဆိုက်အောင်ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်များကို နတ်တော်လ ပြည့်ကျော် ၄ရက် ဒီဇင်ဘာ ၃၀ ရက် (ကြာသပတေးနေ့)မှ ပြာသိုလဆန်း ၁ ရက် (တနင်္လာနေ့)အထိ ၁၀ ရက် တိုင်တိုင်ဟောကြားမည်ဖြစ်သည်။ တရားဓမ္မ အားထုတ်လိုကြသော ယောဂီ သူတော်စင်များ ပဋိပတ္တိ သာသနာဟိတကာရီအသင်း ကံထူး ဓမ္မရိပ်သာ ဥဿာမြို့သစ် ပဲခူးမြို့ ဖုန်း-၀၅၂-၂၃၀၁၂ သို့ ဆက်သွယ်နိုင် ကြောင်း သိရသည်။ **(က-ပ)**

## အလက(စံပြ) သာယာဝတီ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

အခြေခံပညာအလယ်တန်းကျောင်း (စံပြ) သာယာဝတီ၌ တာဝန် ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစားဆရာ၊ ဆရာမကြီးများအား ပူဇော် ကန်တော့ပွဲကို ဒီဇင်ဘာ ၂၅ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ဒေါ်အရိန် ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

မြတ်ဆရာပူဇော်ပွဲအတွက် အလှူငွေများကို ဦးစိုးနိုင်(မြို့နယ်ပညာရေးမှူး) သာယာဝတီ ဖုန်း-၁၄၂၊ ဦးတုတု(ခ) ဦးသိန်းထွန်း ဝိုင်(ကဖီး) အမှတ်(၇၁-က) ဈေးလမ်း သာယာဝတီ၊ ဦးသိန်းထွင့်ဦး (စိုက်/ဘဏ်) သာယာဝတီ၊ ဒေါ်ခင်ညွန့် (အထပြ-ငြိမ်း) ကွက်သစ် လမ်းမတော် သာယာဝတီ၊ ဦးလေးလွင် အမှတ်(၅၂၆) (၄၉)ရပ်ကွက် ပုန်းညက်မြိုင်လမ်း မြောက်ဒဂုံ ဖုန်း-၅၈၀၄၂၀ နှင့် ဒုတိယဗိုလ်မှူးကြီးတင်စိုး(ငြိမ်း) အမှတ်(၄၀) (၄)ထပ် ပုသိမ်လမ်း စမ်းချောင်း ဖုန်း-၅၃၇၂၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

**သာယာမည်** ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။



## အလှူငွေကျပ်သုံးသိန်းလှူဒါန်း

**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော် ကြီး ဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း (ဗဟန်း၃လမ်း မှတ်တိုင်အနီး) တွင် ကွယ်လွန်သူမိဘနှစ်ပါး (ဦးထွန်းမြတ်-ဒေါ်ငွေမြ)တို့အား ရည်စူး၍ ဒေါ်စန်စန်းမြင့် မောင်နှမတစ်စုနှင့် မြေးများ အမှတ် ၇ စာတိုက်လမ်း သန်လျင် ကိုယ်စား ဦးမြင့်သိန်း(ငြိမ်း) (မြန်မာ့မီးရထား)က အလှူငွေကျပ် သုံးသိန်းကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# အသက်ရှည်စွာ အနာမဲ့ရေး ( ၆ )

ဒေါက်တာ လွင်ကို

‘ဦးလေး ဦးစံမောင်တို့ မြေးအဘိုးပါလား၊ လာကြပါဗျာ’
‘ကျွန်တော့်မြေးမောင်ဝင်း လာပြတာပါဆရာ၊ ကျွန်တော့်မြေးလေးဝမ်းလျှောနေတာ တစ်လလောက်ရှိသွားပြီ၊ စားဆေးတွေလဲ စုံနေပြီ၊ ဝမ်းရပ်သွားတော့ အခုနှုတ်ခမ်းနဲ့လျှာမှာ နာလာပြီး အစာစားမရတော့ဘဲဖြစ်နေတယ်’
‘လာကွာ ဖိုးသားပါးစပ်ဟစမ်းပါဦး။ ကျောင်းတက်နေပြီလား၊ လူလဲတော်တော်ပိန်ကျသွားပါလား’
လိုအပ်သော စမ်းသပ်စစ်ဆေးမှုများကို ပြုလုပ်ရပါသည်။
ကလေးတွင် ဗီတာမင် ဘီ၂ ချို့တဲ့နေသောကြောင့် Angular Stomatitis ခေါ် ကျီးပါးစပ်နာ၊ Niacin ချို့တဲ့နေသောကြောင့် လျှာတွင် ပပ်ကြားအက်များဖြစ်နေပါသည်။ ဗီတာမင်စီချို့တဲ့နေ၍ အံဖုံးများလည်း ရောင်၍ သွေးစို့နေပါသည်။ သွေးအားနည်း၍ (Anaemia) ဖြူဖပ်ဖြူရော်နှင့် မလှုပ်ချင်မကိုင်ချင် ဖြစ်နေပါသေးသည်။
‘ဦးလေးဦးစံမောင်ရဲ့မြေးက ဝမ်းပျက်ဝမ်းလျှောဖြစ်တာရယ်၊ မစားနိုင်၊ မသောက်နိုင်ဖြစ်လို့ရယ်၊ ခန္ဓာကိုယ်မှာ လိုအပ်တဲ့ ဗီတာမင်နဲ့ မင်နရယ် (Mineral) ဆိုတဲ့ သတ္တုဓာတ်တွေနည်းသွားလို့ပါ။ အခု ဝမ်းသွားရပ်သွားပြီဆိုတော့ လိုအပ်တဲ့ ဗီတာမင်နဲ့ မင်နရယ်တွေ ပြန်ဖြည့်ပေးလိုက်ရင်ရပါတယ်။ အစာလမ်းကြောင်းတော့ နှစ်ရက်လောက် အနားပေးလိုက်ပါဦး’
‘အင်န်တီအောက်ဆီဒင့်ပေးလို့ မရဘူးလား’ဆရာဟု နောက်မှရောက်လာသော ဦးလေးချစ်က မေးလိုက်ပါသည်။
‘မရဘူးဦးလေးချစ်၊ Antioxidant ကို (အနာမဲ့ရေး အသက်ရှည်ဆေးလို့) ခေါ်ရအောင်။ အခု ဗီတာမင်နဲ့ မင်နရယ်တွေကိုတော့ (အနာမဲ့ရေး သက်စောင့်ဆေး)လို့ ခေါ်ရအောင်။ ဒီနေရာမှာ ဗီတာမင်နဲ့ မင်နရယ်ပေးလိုက်ရင် ကလေးက တစ်ပတ်အတွင်း အကောင်းပကတိ ဖြစ်သွားမယ်၊ ဒီလိုမှမဟုတ်ရင် ဗီတာမင်ဘီ၁ ချို့တဲ့ပြီး နှလုံးရောဂါထပ်ဝင်လာမယ်၊ ထုံနာ ကျဉ်နာစွဲမယ်၊ နောက်ဗီတာမင်မျိုးစုံချို့တဲ့တာကြောင့် လက္ခဏာမျိုးစုံဝင်လာပြီး ဦးနှောက်ပါ ထိခိုက်သွားမယ်’
‘ဒီလောက်တောင်ပဲလားဆရာရယ်’
‘ဒီထက်မကပါဘူးဦးလေးတို့၊ ဗီတာမင်နဲ့ မင်နရယ်ချို့တဲ့မှုက ကလေးဘဝကတည်းကစပြီး အသက်အရွယ်ကြီးရင့်တဲ့အခါ သွားနဲ့ခံတွင်းဒုက္ခပေးတာနဲ့ အစားမစားနိုင်တဲ့ အခြေအနေမျိုး၊ ဖျားပြီးစ ခံတွင်းမလိုက်တဲ့အချိန်ထိ ပြဿနာလိုက်ပေးတတ်ပါတယ်’
‘အကျယ်ရှင်းပြပါဦးဆရာ၊ ဗီတာမင်တွေက အများကြီးရှိတယ်မို့လား ဆရာရဲ့’
‘ဟော– ဦးဘချောတို့၊ ဦးတင်အေးတို့ပါလား’
‘ဟုတ်တယ်လေ၊ ဦးစံမောင်ရဲ့မြေး နေမကောင်းတာ တစ်လလောက်ရှိပြီဆိုတာနဲ့ ဘီစကစ်၊ မလိုင်လုံးနဲ့ ပူတင်းဝယ်ပြီး လူမမာလာမေးတာ၊ အိမ်ရောက်ခဲ့ပါသေးတယ်’
‘ကျေးဇူးတင်ပါတယ်ဗျာ၊ ဗီတာမင်နဲ့သတ္တုဓာတ်ချို့တဲ့တာပါ၊ အခု Dripချိတ်နေပါပြီ။ ဒါပေမယ့် နှစ်ရက်လောက် အစာမကျွေးဘဲ အစာအိမ်အနားပေးရမယ်တဲ့။ နောက်ပြီးဗီတာမင်နဲ့ သတ္တုဓာတ်ဟာ သက်စောင့်ဆေးဆိုပဲ’
‘ဟုတ်လား ဆရာ၊ အကျယ်ရှင်းပြပေးပါဦး’
‘ဒါကျွန်တော်တို့ ဆရာဝန်တွေရဲ့ တာဝန်တွေပါဦးလေးတို့ရာ၊ Food and Nutrition Board, National Academy of Science, National Research Council က ထုတ်ထားတဲ့ဇယားကို ကျွန်တော်နားလည်သလောက် ဘာသာပြန်ထားတာရှိပါတယ်။ ဦးလေးတို့ကို ကျွန်တော် ပေးလိုက်ပါ့မယ်’

**သက်စောင့်ဆေးဖြစ်သောဗီတာမင်နှင့် သတ္တုဓာတ်များ**

| ဗီတာမင် | ပါဝင်သောအစားအစာများ | လုပ်ဆောင်ချက် | ချို့တဲ့သောအခါ |
|---|---|---|---|
| ဗီတာမင် ဘီ၆ | ဆန်၊ဂျုံ၊ပြောင်း၊အသား၊ ငါး၊ပဲအမျိုးမျိုး | နိုက်ထရိုဂျင်၏ ဇီဝဖြစ်စဉ်များ၊ သွေးနီရောင်တည်ဆောက်ခြင်း | ဝက်ရူးပြန်ခြင်း၊ သွေးအားနည်းခြင်း၊ နာ့ဗ်ကြောပျက်စီးခြင်း၊ အရေပြားပျက်စီးခြင်း |
| ဖောလစ်အက်ဆစ် | အစိမ်းရောင်လတ်ဆတ်သော သီးနှံများ၊ သစ်သီးများ၊ အသား၊ အသည်းနှင့် ဆန်၊ ဂျုံ၊ပြောင်း | သွေးနီဥတည်ဆောက်ခြင်း | သွေးအားနည်းရောဂါအမျိုးမျိုး |
| ဘိုင်အိုတင် | အသည်း၊ကျောက်ကပ်၊ ကြက်ဥနှစ်၊ ပန်းမုန်လာ၊ ပဲသီးအမျိုးမျိုး | အောက်တလစ်အက်ဆစ်၊ အမိုင်နိုအက်ဆစ်၊ဖက်တီးအက်ဆစ် တို့၏ ဇီဝဖြစ်စဉ်များ လုပ်ဆောင်ခြင်း | အရေပြားပျက်စီးလွယ်ခြင်း၊ လျှာရောင်ခြင်း၊ သွေးအားနည်းခြင်း၊ကြွက်သားနာခြင်း |
| ဗီတာမင် စီ | ချဉ်သောအသီးအရွက်များ၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ် ကန်စွန်းဥ | အရိုး၊ အရွတ်၊သွေးကြောတို့ကို ခိုင်မာစေခြင်း၊ အနာကျက် စေခြင်း၊ ဆဲလ်များအသက်ရှူခြင်း ဖြစ်စဉ်ကို လုပ်ဆောင်ပေးခြင်း | သွားဖုံးရောင်ခြင်း၊ သွေးထွက်ခြင်း၊ သွားမခိုင်ခြင်း |
| ဗီတာမင် ဘီ ၁၂ | အသည်း၊ အသားအမျိုးမျိုး၊ ဥအမျိုးမျိုး၊ နို့နှင့်နို့ထွက် ပစ္စည်းများ | သွေးနီဥကြီးထွားမှု မှန်ကန်စေခြင်း၊ DNA နှင့်အခြား အင်ဇိုင်းတည်ဆောက်မှုများတွင် ကူညီခြင်း | သွေးအားနည်းခြင်း၊ စိတ်ဖောက်ပြန်ခြင်း |

**သက်စောင့်ဆေးဖြစ်သော ဗီတာမင်နှင့်သတ္တုဓာတ်များ**

| ဗီတာမင် | ပါဝင်သောအစားအစာများ | လုပ်ဆောင်ချက် | ချို့တဲ့သောအခါ |
|---|---|---|---|
| ဗီတာမင် အေ | ငါးကြီးဆီ၊အသည်း၊ဥအနှစ်၊ ထောပတ်၊ မလိုင်၊ ဟင်း ရွက်အစိမ်းနှင့်အဝါများ | မြင်လွှာကိုအားပေးခြင်း၊ အရေပြားကိုချောမွေ့စေခြင်း၊ ဂလိုက်ကိုပရိုတိန်းတည်ဆောက်ခြင်း၊ | ကြက်မျက်သင့်ခြင်း၊ သူငယ်နာကြာဆူးများဖြစ်ခြင်း၊ အရေပြားများပျက်စီးလွယ်ခြင်း၊ မျက်စိဝါးခြင်း၊ |
| ဗီတာမင် ဒီ | နို့၊ငါးကြီးဆီ၊ ဥအနှစ်၊ ထောပတ်၊အသည်း၊နေရောင်ခြည် | ကယ်လ်ဆီယမ်နှင့်ဖော့စ်ဖရပ်တို့ ကိုစုပ်ယူထိန်းသိမ်းခြင်း၊ သတ္တုဓာတ်တို့ဖြင့်အရိုးတည်ဆောက်ခြင်း | အရိုးပျော့ရောဂါ၊အရိုးပါးရောဂါနှင့် ခြေလက်များအကြောဆွဲ ကွေးကောက်ခြင်း |
| ဗီတာမင် အီး | သီးနှံအဆီ၊ဂျုံ၊ဥအနှစ်၊ အရွက်ဖားဖားသီးနှံ၊ ပဲတောင့်ပဲသီး | ဆဲလ်များအတွင်းအင်န်တီအောက်ဆီဒင့် ဖြစ်စေခြင်း၊ ဆဲလ်များ၏နံရံ ပါးလွှာမှုကိုတည်ငြိမ်စေခြင်း | သွေးနီဥပျက်စီးလွယ်ခြင်း |
| ဗီတာမင် ကေ | ဟင်းရွက်များ၊ဝက်သား၊ အသည်း၊ ဟင်းရွက်ဆီများ | ပုံမှန်သွေးခဲစေခြင်း၊ ပရိုသရွန်ဆင်ဖြစ်တည်ခြင်းနှင့် သွေးတိတ်စေခြင်း | သွေးယိုစီးခြင်း၊ အသားဝါခြင်း |
| ဗီတာမင် ဘီ ၁ | ဝက်သား၊အသည်း၊ ပဲအမျိုးမျိုး၊ ကန်စွန်းဥ၊ဆန်၊ဂျုံ၊ပြောင်း | ကာဘိုဟိုက်ဒြိတ်၏ ဇီဝဖြစ်စဉ် များ၊ နာ့ဗ်ကြောများ၏ လုပ်ဆောင် ချက်များ၊နှလုံးကြွက်သား လုပ်ဆောင်မှုများကိုအားပေးခြင်း | ထုံနာကျဉ်နာ၊ နှလုံးအားနည်းခြင်းနှင့် ကိုယ်ရောင်ခြင်း |
| ဗီတာမင် ဘီ ၂ | နို့၊ဒိန်ခဲ၊အသည်း၊ အသား၊ ဥ၊ ဆန်၊ဂျုံ၊ပြောင်း | စွမ်းအင်ထုတ်ခြင်းနှင့်ပရိုတိန်း၏ ဇီဝဖြစ်စဉ်များ၊ နှုတ်ခမ်း၊ပါးစပ်နှင့် ၎င်းကဲ့သို့သော လိုင်နင်များကို ကာကွယ်ခြင်း | ကျီးပါးစပ်နာ၊အရေပြားများ ရောင်ရမ်းခြင်း၊ကွာခြင်း၊ မျက်စိ မြင်လွှာထိခိုက်ခြင်း၊လျှာနာဖြစ် ခြင်း၊လျှာကွဲခြင်း၊ |
| နီယာဆင် နီကိုတင်းနစ် အက်ဆစ် | ဆန်၊ဂျုံ၊ပြောင်း၊အသား ငါး၊ပဲအမျိုးမျိုး | ကာဘိုဟိုက်ဒြိတ်၏ ဇီဝဖြစ်စဉ် များကိုပုံမှန်ဖြစ်စေခြင်း | လျှာရောင်ခြင်း၊အရေပြားများ ကွဲအက်ခြင်း၊ အူလမ်းကြောင်းတွင် လိုင်နင်ပျက်စီးခြင်း၊ ဗဟို နာ့ဗ်ကြောများအားနည်းခြင်း |

**သက်စောင့်ဆေးဖြစ်သော ဗီတာမင်နှင့် သတ္တုဓာတ်များ**

| သတ္တုဓာတ် | ပါဝင်သောအစားအစာများ | လုပ်ဆောင်ချက်များ | ချို့တဲ့သောအခါ |
|---|---|---|---|
| ဆိုဒီယမ် | အမဲ၊ဝက်၊ငါး၊ထောပတ်၊ ပြောင်း၊ပေါင်မုန့်၊အာလူးကြော် | အက်စစ်ဘေ့စ်ကိုညီမျှစေ ခြင်း၊ ပီအိပ်ချ် ကို ထိန်းထားခြင်း၊ ကြွက်သားညှစ်အား၊ နာ့ဗ်ကြော များ၏အာရုံပို့လွှတ်မှု၊ ဆဲလ်အတွင်း ဆိုဒီယမ် အသွင်းအထုတ်လုပ်ဆောင်ခြင်း | တစ်ဖက်မှလုပ်ဆောင် ချက်များ ပျက်ပြားသည်။ (ပိုလျှံသောအခါ၊ စိတ်ရှုပ်ထွေး မစဉ်းစားနိုင်ခြင်း၊ မေ့မြောခြင်း) |
| ပိုတက်ဆီယမ် | နို့၊ငှက်ပျောသီး၊ စပျစ်သီးခြောက်၊ ဆီးသီးခြောက် | ကြွက်သားလှုပ်ရှားမှု၊ နာ့ဗ်ကြောအာရုံပို့လွှတ်မှု၊ ဆဲလ်အတွင်း အက်ဆစ်ဘေ့စ် ညီမျှစေခြင်း | နှလုံးလှုပ်ရှားမှု မမှန်ခြင်း၊ ကြွက်သားမလှုပ်ရှားနိုင်ခြင်း |
| ကယ်လ်စီယမ် | နို့နှင့် နို့ထွက်ပစ္စည်းများ၊ အသား၊ငါး၊ဥ၊ဆန်၊ဂျုံ၊ ပြောင်း၊ ပဲ၊သစ်သီး၊ ဟင်းသီးဟင်းရွက်များ | အရိုးနှင့်သွားများ ခိုင်မာ စေခြင်း၊သွေးယိုစိမ့်မှု ကာကွယ်ခြင်း၊နာ့ဗ်ကြော ကြွက်သားထိန်းချုပ်ခြင်း၊ ကြွက်သားညှစ်အားကောင်းစေခြင်း၊ နှလုံးအတွင်း လျှပ်စစ်စီးဆင်းမှု မှန်စေခြင်း | အကြောတက်ခြင်း၊ နာ့ဗ်ကြောနှင့် ကြွက်သားများတည်ငြိမ်မှုအားနည်းခြင်း (ပိုလျှံသောအခါ အူအတွင်း လေလှုပ်ရှားမှုရပ်ဆိုင်းခြင်း၊ကျောက်ကပ် ပျက်စီးနိုင်ခြင်း၊ စိတ် ကစဉ့်ကလျားဖြစ်ခြင်း) |
| ဖော့စ်ဖရပ် | နို့၊ ဒိန်ခဲ၊အသား၊ငါး၊ ဂျုံ၊ပြောင်း၊ပဲ၊ကြက်၊ဘဲ | အရိုးနှင့်သွားဖြစ်စေခြင်း၊ အက်ဆစ် ဘေ့စ်ညီမျှစေခြင်း၊ စွမ်းအင်ထုတ်ပေးခြင်း | အားနည်းခြင်း၊စိတ်လှုပ်ရှား လွယ်ခြင်း၊ သွေး၊ ကျောက်ကပ်နှင့် အူလမ်းကြောင်း ပုံမှန်အလုပ် မလုပ်ခြင်း (ပိုလျှံသောအခါ ကျောက်ကပ်ပျက်စီးနိုင်ခြင်း) |
| သံဓာတ် | ပဲအမျိုးမျိုး၊သား၊ငါး ကျောက်ကပ်၊မက်မွန်သီး | သွေးကိုဖြစ်စေခြင်း အင်ဇိုင်းများကိုကူညီခြင်း | အစာမျိုချက်ခြင်း၊ သွေးအားနည်းခြင်း၊ အစာလမ်းကြောင်း ပုံမှန်မလုပ်ခြင်း (ပိုလျှံသောအခါ အရေပြားတွင် သံရောင်စွန်းခြင်း၊သံဓာတ်များ နေရာအနှံ့ စုပုံနိုင်ခြင်း၊အသည်းခြောက် ခြင်း၊ ဆီးချိုဖြစ်နိုင်ခြင်း) |

**သက်စောင့်ဆေးဖြစ်သော ဗီတာမင်နှင့် သတ္တုဓာတ်များ**

| သတ္တုဓာတ် | ပါဝင်သောအစားအစာများ | လုပ်ဆောင်ချက်များ | ချို့တဲ့သောအခါ |
|---|---|---|---|
| မဂ္ဂနီဆီယမ် | အရွက်စိမ်းများ၊ ဆန်၊ ဂျုံ၊ ပြောင်း၊ အစေ့၊ အဆန်၊ ပင်လယ်စာများ | အရိုးနှင့် သွားကိုဖြစ်စေခြင်း၊ နာ့ဗ်ကြောလုပ်ဆောင်မှု၊ ကြွက်သား ညှစ်အား၊ အင်ဇိုင်းများကို ကူညီခြင်း | နာ့ဗ်ကြောနှင့် ကြွက်သားများ တည်ငြိမ်မှုအားနည်းခြင်း (ပိုလျှံသောအခါ သွေးပေါင်ကျခြင်း၊ နှလုံးလှုပ်ရှားမှု မမှန်ကန်ခြင်း၊ အသက်ရှူမှုစနစ် ပျက်ပြားခြင်း) |
| အိုင်အိုဒင်း | ရေ၊ ပင်လယ်စာများ၊ အိုင်အိုဒင်းထည့်ထားသောဆား | သိုင်းရွိုက်ဟိုမုန်း တည်ဆောက်ခြင်း | လည်ပင်းကြီးရောဂါ၊ လူစဉ့်မမီခြင်း၊ နားပင်းခြင်း၊ (ပိုလျှံသောအခါသိုင်းရိုက်ဂလင်း ပျက်စီးခြင်း) |
| ဖလော်ရင်း | လက်ဖက်ရည်၊ ကော်ဖီ၊ ဖလော်ရိုက်ခပ်ထားသောရေ | အရိုးနှင့်သွားများ တည်ဆောက်ခြင်း | အရိုးပွခြင်း၊ သွားပိုးစားခြင်း၊ သွားများ မညီမညာထွက်ခြင်း အရိုးများပေါ်တွင်အရိုးအတက်ထွက်ခြင်း |
| ဇင့် | ဟင်းသီးဟင်းရွက်များ | အင်ဆူလင်နှင့် အခြား အင်ဇိုင်းများကိုအားပေး ခြင်း၊ အနာကျက်လွယ်ခြင်း၊ ကြီးထွားမှုကိုဖြစ်စေခြင်း | ကြီးထွားမှုနှေးကွေးခြင်း၊ မျိုးပွားခြင်းနှင့် ဆိုင်သော အင်္ဂါများအားနည်းခြင်း |
| ကော့ပါး | အသား၊အစေ့၊အဆန်၊ပဲတောင့်၊ | အင်ဇိုင်းများတွင် ပါဝင်ခြင်း | သွေးအားနည်းခြင်း (ပိုလျှံသောအခါအသည်းပျက်စီး၍ အသည်းအက်ခြင်း) |
| ကိုဘော့ | အစိမ်းရောင်ဟင်းရွက်များ | ဗီတာမင် ဘီ၁၂ တည်ဆောက် မှုတွင်ပါဝင်သည် | သွေးအားနည်းခြင်း (ပိုလျှံသောအခါ ဘီယာသောက်သူများတွင် ဖြစ်လေ့ရှိသော နှလုံးရောဂါ) |

‘အဲဒီထဲက ဗီတာမင် အေ၊ ဒီ၊ အီး၊ ကေ ကတော့ အဆီမှာ ပျော်ဝင်စေပြီးမှ ခန္ဓာကိုယ်အတွင်းစုပ်ယူလို့ ရပါတယ်။ သူကခန္ဓာကိုယ်ထဲမှာ လိုအပ်တာထက်များရင် အပြင်မထွက်ဘဲ စုပုံနေတတ်တယ်။ အဲဒီလိုဆိုရင် ပြဿနာတစ်ခုခု ဖြစ်ပြန်ရော’
‘ဗီတာမင်ဘီအုပ်စုနဲ့ အခြားဗီတာမင်တွေကတော့ ခန္ဓာကိုယ်ထဲရောက်ရင် လိုအပ်သလောက်သာ ယူထားပြီး တဖြည်းဖြည်း စွန့်ထုတ်ပစ်တယ်။ သို့သော်လဲ တန်ဆေး၊ လွန်ဘေးဆိုတာမျိုးနဲ့ ဆေးနဲ့မတည့်တာမျိုးတော့ ရှိတတ်ပါတယ်’
‘ဆရာ ဒီလိုဆိုရင် ကျွန်တော်တို့ အချိန်အခါ ဘယ်လိုစားရမယ်၊ စားသင့်တယ်ဆိုတာလေးလဲ ညွှန်ပြပါဦးနော်’
‘ဟုတ်ကဲ့ပါ ခင်ဗျာ၊ အခုလောလောဆယ်တော့ ဒီအညွှန်းဇယားကိုပဲ အထပ်ထပ်ဖတ်ရင်း ကျေနပ်ကြပါဗျာ၊ နောက်ပြီး မိသားစုများလဲ ဖတ်ဖြစ်အောင် တိုက်တွန်းပေးပါလို့ ပန်ကြားအပ်ပါတယ်’။ ။

# အာဆီယံတိုက်ဂါးဖလားအုပ်စု(ခ)ပွဲစဉ် မြန်မာအသင်းနှင့်ထိုင်းတစ်ဂိုးစီသရေကျ

## သတင်းဆောင်းပါး–ကိုထွေး

ရန်ကုန် ဒီဇင်ဘာ ၁၀

**(၅)ကြိမ်မြောက် အာဆီယံ တိုက်ဂါးဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်များကို ယနေ့ ညနေပိုင်းက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ဘူကစ်ဂျာလီ အားကစားကွင်း၌ ဆက်လက် ကျင်းပသည်။**

ပထမပွဲစဉ်အဖြစ် မြန်မာအသင်းနှင့်ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်သွားသည်။မြန်မာအသင်းသည် ပထမပွဲစဉ်တွင် ဖိလစ်ပိုင်အသင်းကို အနိုင်ရရှိခဲ့ရာ ယနေ့ပွဲတွင် နိုင်ပွဲဆက်ရေးအတွက် အထူးကြိုးစား ကစားသွားသည်။ထိုင်းအသင်းအတွက် ပွဲစပြီး ၁၄မိနစ်အကြာတွင် ကျောနံပါတ် (၈) သာတီဆက်ချိုင်မန်က မြန်မာအသင်း၏ ပယ်နယ်တီ ဧရိယာအပြင်ဘက် ၂၅ကိုက်အကွာမှ တိုက်ရိုက်ကန်သွင်းယူ၍ ဦးဆောင်ဂိုးရရှိခဲ့သည်။

### ချေပဂိုးသွင်း

မြန်မာအသင်းသည် ဖိလစ်ပိုင်နှင့်ပွဲထက် ကစားအားနှင့် ကစားကွက်ပိုမိုကောင်းမွန်ပြီး ထိုင်းအသင်းကို ခြေရည်တူကစားနိုင်ခဲ့သည်။မြန်မာအသင်းအတွက် ချေပဂိုးကို ပွဲချိန်မိနစ် ၉၀တွင် နောက်တန်းလူ ဇော်လင်းထွန်း(၂)က သွင်းယူပေးသည်။ ထောင့်ကန်ဘောမှ တစ်ဆင့် ထိုင်းဂိုးရှေ့သို့ ကျလာသောဘောလုံးကို အလယ်တန်းလူ မျိုးမင်းထွန်း ကန်သွင်းရာ နောက်တန်းလူနှင့်ထိပြီး ပြန်ထွက်လာစဉ် ဇော်လင်းထွန်း(၂)က ထပ်မံပိတ်သွင်းယူခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဒုတိယအကြိမ် အာဆီယံတိုက်ဂါးဖလားဘောလုံးပြိုင်ပွဲတွင် ထိုင်းအသင်းနှင့် တစ်ဂိုးစီ သရေကျခဲ့ပြီးနောက် ယခုကဲ့သို့ တစ်ဂိုးစီသရေကျအောင် ကစားနိုင်ခဲ့ခြင်းဖြစ်သည်။ ဖိလစ်ပိုင်ကို အနိုင်ရသောပွဲ၌လည်း အနိုင်ဂိုးကို ပွဲချိန်မိနစ်၉၀မှာပင် သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းနှင့်ပွဲတွင် ပါဝင်ခဲ့သော ပထမတာထွက် ကစားသမားများကို အပြောင်းအလဲလုပ်၍ ကစားခဲ့သည်။ ဒုတိယပိုင်းတွင် ရန်ပိုင်အစား ဆန်းဒေးသိန်း၊ လာကျဲအိုလွှယ်အစား မျိုးမင်းထွန်း၊ ဘိုဘိုအောင်အစား မျိုးလှိုင်ဝင်းတို့ကို လူစားလဲ ကစားရာ တိုက်စစ်အား မြှင့်တင်နိုင်ခဲ့သည်။

### သူတို့ပါဝင်

ထိုင်းအသင်းနှင့် တစ်ဂိုးစီသရေကျသွားသော မြန်မာအသင်းတွင် **(ဂိုး)** အောင်အောင်ဦး၊ **(နောက်တန်း)** မိုးကျော်သူ၊ မင်းသူ၊ ကျော်ခိုင်ဝင်း၊ ဇော်လင်းထွန်း(၂)၊ **(အလယ်တန်း)** စိုးမြတ်မင်း၊ ဘိုဘိုအောင်(မျိုးလှိုင်ဝင်း)၊ လာကျဲအိုလွှယ်(မျိုးမင်းထွန်း)၊ အောင်ကျော်မိုး၊ ဇော်ဇော်၊ **(ရှေ့တန်း)** ရန်ပိုင်(ဆန်းဒေးသိန်း)တို့ ပါဝင်ကစားခဲ့ကြသည်။

### မလေးရှားနိုင်

အုပ်စု(ခ) ဒုတိယပွဲစဉ်အဖြစ် မလေးရှားအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားရာ မလေးရှားအသင်းက လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အုပ်စု(ခ)တွင် မလေးရှားအသင်းက နှစ်ပွဲနိုင်(၆)မှတ်၊ မြန်မာအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ (၄)မှတ်၊ ထိုင်းအသင်းက တစ်ပွဲသရေ(၁)မှတ် ရရှိထားပြီး ဖိလစ်ပိုင်အသင်းက နှစ်ပွဲရှုံးနှင့် အရှေ့တီမောအသင်းက တစ်ပွဲရှုံး အမှတ်မရသေးပေ။

### ဆက်လက်ကျင်းပမည်

ဒီဇင်ဘာ၁၁ရက်**(ယနေ့)**တွင် အုပ်စု(က)ပွဲစဉ်များကို ဆက်လက်ကျင်းပမည်ဖြစ်ရာ ပထမပွဲစဉ်အဖြစ် လာအိုအသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ ဒုတိယပွဲစဉ်အဖြစ် ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ။

**(မြန်မာ့အလင်း)**

# နယ်စပ်ဒေသ အိမ်တွင်းမှုသင်တန်းကျောင်းများ သင်တန်းဆင်း

**ရန်ကုန် ဒီဇင်ဘာ ၁၀**

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကျိုင်းတုံမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၉)နှင့် အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၃၇) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သင်တန်းကျောင်းခန်းမဆောင်၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။ သင်တန်းတွင် အဆင့်မြင့် စက်ချုပ်သင်တန်းသူငါးဦးနှင့် အခြေခံစက်ချုပ်သင်တန်းသူ၃၀ သင်တန်းတက်ရောက်အောင်မြင်သည်။

### မြိတ်မြို့

အလားတူ မြိတ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့်စက်ချုပ် သင်တန်းအမှတ်စဉ်(၉)နှင့် အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၃၇) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် သင်တန်းကျောင်းခန်းမဆောင်၌ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တနင်္သာရီတိုင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။ သင်တန်းတွင် အဆင့်မြင့်စက်ချုပ်သင်တန်းသူ သုံးဦးနှင့် အခြေခံစက်ချုပ်သင်တန်းသူ ၄၂ဦး သင်တန်းတက်ရောက်အောင်မြင်သည်။

ထို့အတူ မူဆယ်၊ လားရှိုး၊ မိုင်းဆတ်၊ တာချီလိတ်၊ လွိုင်ကော်၊ ဘားအံ၊ မြဝတီ၊ ရေး၊ ကော့သောင်း၊ မောင်တော အမျိုးသမီးအိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာသင်တန်းကျောင်းများ၏ အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် အခြေခံစက်ချုပ်သင်တန်း သင်တန်းဆင်းပွဲများကို သက်ဆိုင်ရာ သင်တန်းကျောင်းအသီးသီး၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စနေနေ့တိုင်းလှုပ်ရှား လူထုအားကစား



**၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ လူထုအားကစားလ**
**ဒီဇင်ဘာလ (၄)၊ (၁၁)၊ (၁၈) နှင့် (၂၅) ရက်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

၂၀၀၄ခုနှစ် (၄၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲကို ယနေ့ညနေ၃နာရီတွင် ရန်ကုန်မြို့ရှိ သတ်မှတ်ထားသည့် ဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ (ခခ)အုပ်စုမှ ရန်ကုန်တိုင်းစစ်ဌာနချုပ် အားကစားကွင်း(မင်္ဂလာဒုံ)၌ ကျင်းပသော ပြိုင်ပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယင်းအုပ်စုမှ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မီးဘေးအန္တရာယ်**
**အစဉ်သတိပြု ကာကွယ်**

# ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး စီးပွားရေးလုပ်ငန်းရှင်များ အတွေ့အကြုံများဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (MBCA ) က ကြီးမှူး၍ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးအတွက် ဒေသတွင်း စီးပွားရေးလုပ်ငန်းရှင်များက တုံ့ပြန်ဆောင်ရွက်မှု အတွေ့အကြုံများ မျှဝေဆွေးနွေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၈ရက်နံနက် ၉နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်တွင်ကျင်းပသည်။

အစီအစဉ်အရ ( AIDS ) တိုက်ဖျက်ရေး မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းစု ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (MBCA)ဥက္ကဋ္ဌ မစ္စတာမာတင်ပန်က အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ ( UNAID ) မြန်မာပြည် ကိုယ်စားလှယ် မစ္စတာဘရင်း ဝီလီယံက(ကမ္ဘာ့HIV/AIDS လတ်တလောအခြေအနေများ)လည်းကောင်း၊NAP- Deputy Director (ခုခံကျ/ကာလသား ရောဂါတိုက်ဖျက်ရေးစီမံချက်မန်နေဂျာ ဒေါက်တာမင်းသွယ်က (လက်ရှိHIV/AIDS အခြေအနေ သုံးသပ်ချက်)နှင့် အရေးပေါ်ကိစ္စ စီးပွားရေး လုပ်ငန်းရှင်များ၏ အရေးယူ တုံ့ပြန်မှု ဒေသအတွင်းရှိ (HIV/AIDS) တိုက်ဖျက်ရေး စီးပွားရေးလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်မှု အတွေ့အကြုံတို့ကို တက်ရောက်လာသူများက ဆွေးနွေးတင်ပြကြရာ ( AIDS ) တိုက်ဖျက်ရေး မြန်မာနိုင်ငံစီးပွားရေး လုပ်ငန်းစု ပူးပေါင်းဆောင်ရွက်မှု အဖွဲ့(MBCA) ဥက္ကဋ္ဌ မစ္စတာမာတင်ပန်က ပြန်လည်ရှင်းလင်းတင်ပြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

**၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့ထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၀၅၉၈)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

# ကျေးလက်ပြည်သူများ စာပေဗဟုသုတ တိုးပွားရေး မုံရွာမြို့တွင် ကျေးရွာစုပေါင်းအင်အား စာကြည့်တိုက်ဖွင့်

မုံရွာ ဒီဇင်ဘာ ၂

**မုံရွာမြို့နယ် ကြာပိုင်ကျေးရွာ စုပေါင်းအင်အား စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ရက် နံနက် ၉နာရီက စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။**

### ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ကြာပိုင်ကျေးရွာ စုပေါင်း အင်အားစာကြည့်တိုက်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်သန်းဝင်း၊ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးကံညွန့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးတင်စောတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးတင်မောင်လွင်တို့က ကျေးလက်နေပြည်သူများစာပေဗဟုသုတတိုးပွားရေးနှင့်စာကြည့်တိုက်များ ရေရှည်ထိန်းသိမ်းရေးအကြောင်း ရှင်းလင်းဆွေးနွေးကြသည်။ ဆက်လက်၍ စာကြည့်တိုက်သို့ စာအုပ်စာစောင်များနှင့် ပရိဘောဂများပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**





# တောင်တွင်းကြီးမြို့နယ် ကျေးရွာစာကြည့်တိုက်များဖွင့်

တောင်တွင်းကြီး ဒီဇင်ဘာ ၃

**တောင်တွင်းကြီးမြို့နယ် ဝက္ကသေးစံပြကျေးရွာ၌ ကျေးရွာပြည်သူများ ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့သည့် လူငယ်စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၂၇ ရက် နံနက် ၉နာရီက ကျင်းပသည်။**

### ရှင်းလင်းပြောကြား

အခမ်းအနားတွင် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်ဝင်းမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအေးဖေက ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးအေးဖေနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစံညိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

### ပညာ့အလင်းစာကြည့်တိုက်ဖွင့်

အလားတူ ကိုယ့်အားကိုယ်ကိုး ပညာ့အလင်း စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၂၈ ရက် နံနက် ၉နာရီက အိုးပေါက်ဘူတာကျေးရွာ၌ကျင်းပကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# လပြည့်ဝန်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် စာအုပ်များနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်း

ဂန့်ဂေါ ဒီဇင်ဘာ ၄

ဂန့်ဂေါမြို့နယ် ပျားရွာကိုယ့်အားကိုယ်ကိုး လပြည့်ဝန်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ အများပိုင် ရုပ်မြင်သံကြားဖမ်းစက် တပ်ဆင်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ စာကြည့်တိုက်သို့ စာအုပ်များနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို နိုဝင်ဘာ ၁၃ရက် နံနက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၂) ရဲမှူးသောင်းကြီးနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သန်းထွန်းတို့က စာကြည့်တိုက်အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

### အမှာစကားပြောကြား

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်စိုးထွန်းက အမှာစကားပြောကြားပြီး စာပေဝါသနာရှင် ဦးမောင်ကို(မောင်မေတ္တာ-ယော)က စာကြည့်တိုက် ရေရှည်တည်တံ့ရေး ရှင်းလင်းပြောကြားပြီး ကျေးရွာဥက္ကဋ္ဌ ဦးပြားဖေနှင့် စေတနာရှင်များက ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးနှင့် စာကြည့်တိုက် ငွေပဒေသာပင် ကျပ်နှစ်သောင်း၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မြင့်က ငွေကျပ်ငါးထောင်တို့ကို စာကြည့်တိုက်ကော်မတီသို့ ပေးအပ်လှူဒါန်းကြောင်းသိရသည်။ (၂၇၃)

**ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသော ရှမ်းကန်ကျေးရွာနှင့် သပြုကျေးရွာချင်းဆက် ဂဝံလမ်း ဆောင်ရွက်မှုကို နိုဝင်ဘာ ၂၅ ရက်ကပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးရင်စိန်၊ ကဝမြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လူနှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးကြစဉ်။** (၂၄၀)

# ပန်းအလှပင်နှင့် အရိပ်ရပင်များ ပျိုးထောင်

**ဝိုင်းမော် နိုဝင်ဘာ ၃၀**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်စည်ပင်သာယာရေး အဖွဲ့က မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတွင် အသုံးပြုရန် ပန်းအလှပင်နှင့် အရိပ်ရပင်များအား အဖွဲ့ပိုင် ပျိုးဥယျာဉ်များတွင် ပျိုးထောင်ထားရှိမှုနှင့်ရှင်သန်ဖြစ်ထွန်းရေးအတွက် မြေတောင်မြှောက်ပေးခြင်းနှင့် ပေါင်းမြက်ရှင်းလင်းခြင်းများကို နိုဝင်ဘာ ၁၆ရက်က အမှုဆောင်အရာရှိ ဦးတင်ဌေး ကြီးကြပ်မှုဖြင့် ဒုတိယဦးစီးမှူး ဒေါ်တင်တင်ချိုနှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြကြောင်းသိရသည်။ **(၄၁၆)**

# ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

**ပေါင်မြို့ မိုးနှိုင်းရပ်ကွက် ပြည်သူများ သောက်သုံးရေ ရရှိရေးအတွက် ရေလှောင်ကန် တည်ဆောက်မှုကို နိုဝင်ဘာ ၁၆ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးမင်းတို့ကြီးကြပ် ဆောင်ရွက်ပေးစဉ်။**



(၂၆၀)

### ပေးအပ်လှူဒါန်း

**နိုဝင်ဘာ ၁၁ ရက်ကကျင်းပသော ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာစာကြည့်တိုက်များအတွက် တီဗွီ၊ ရေဒီယိုနှင့် စာအုပ်များ ပေးအပ်လှူဒါန်းပွဲတွင် သုတ၊ ရသ၊ ဂျာနယ်၊ မဂ္ဂဇင်းမျိုးစုံကို တောင်ကြီးဆေးဆိုင်ပိုင်ရှင် ဒေါ်အေးအေးအောင်က ပေးအပ်လှူဒါန်းရာ ဆီဆိုင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးကြည်ထွန်းက လက်ခံရယူစဉ်။** (၀၄၈)

### ဆောင်ရွက်

**နိုဝင်ဘာ ၂၆ ရက်က သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ကျောင်းကုန်း-ဆိပ်ကြီးလမ်း အရှည်လေးမိုင် ကတ္တရာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်စဉ်။** (နယ်စပ်/စည်ပင်)



# သိန်းနီမြို့တွင် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း ဖွင့်ပွဲကျင်းပ

**သိန်းနီ ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ရုပ်မြင်သံကြားခန်းမတွင်ကျင်းပသည်။

### ပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးရဲကျော်ခိုင်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးကိုလည်းကောင်း၊ အဖွဲ့ဝင်(၂) ဦးအောင်မိုက ကျေးရွာပြည်သူများအသိပညာဗဟုသုတတိုးပွားစေရန် စာကြည့်တိုက်တွင် စဉ်ဆက်မပြတ် လေ့လာဖတ်ရှုနိုင်ရေးကို လည်းကောင်း၊ မြို့နယ်ဦးစီးမှူးဒေါ်ရည်ရည်မွန်က စာကြည့်တိုက်ပညာသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

**(မြို့နယ်ပြန်/ဆက်)**



# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဒီဇင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ယနေ့နံနက် ၉နာရီခွဲတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ●



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး လည်ပတ်ပြီး ပြန်လည်ထွက်ခွာသွားသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။**

(သတင်းစဉ်)



**ပြည်ထောင်စု မြန်မာနိုင်ငံတော်နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရန်ကုန်မြို့တွင် ကျင်းပလျက်ရှိသည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ တက်ရောက်ရန် ရောက်ရှိနေသော ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Lu Lay Sreng အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကမ္ဘောဒီးယားဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၁၀

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရန်ကုန်မြို့တွင် ကျင်းပလျက်ရှိသည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ တက်ရောက်ရန်ရောက်ရှိနေသော ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr.Lu Lay Srengနှင့်အဖွဲ့ဝင်များအား ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

## တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr.Lu Lay Srengနှင့် အဖွဲ့ဝင်များနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Khun Haing နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E Mr. Hul Phanyတို့ တက်ရောက်ကြသည်။

## ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ကမ္ဘောဒီးယားနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တို့အကြား နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

*စာမျက်နှာ ၄ ကော်လံ ၆* ■

# ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကျင်းပပုံ ကမ္ဘာတစ်ဝန်းသို့ထုတ်လွှင့်ပြသ

ရန်ကုန် ဒီဇင်ဘာ ၁၀

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက် ခမ်းနားထည်ဝါစွာ ဆင်ယင်ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၉ ရက်က ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ဖွင့်ပွဲမင်္ဂလာအခမ်းအနားသို့ နိုင်ငံခြားသတင်းဌာနများဖြစ်ကြသော ရိုက်တာ၊ အေပီ၊ အေအက်ဖ်ပီ၊ အင်န်အိပ်ချ်ကေ၊ ဆင်ဟွာ၊ ဖူဂျီ၊ နီဟွန်ကေဗိုင်း၊ ကျိုဒို၊ တီဘီအက်စ်၊ တိုကျိုရှင်ဘွန်း၊ တီဗွီအဆာဟိနှင့် ထိုင်းချန်နယ်(၁၁)တို့မှ နိုင်ငံခြားသတင်းထောက်များနှင့် အဆိုပါသတင်းဌာနများ အပါအဝင် မိုင်နီချိ၊အင်န်တီဗွီ၊ အဆာဟိရှင်ဘွန်း၊ ဆန်ကိုင်းရှင်ဘွန်း၊ ဂျီဂျီသတင်းဌာနတို့မှ ဌာနေသတင်းထောက်များစုစုပေါင်း ၄၇ ဦး တက်ရောက်သတင်းရယူပြီး ရုပ်သံအစီအစဉ်များ၊ သတင်းနှင့် သတင်း ဓာတ်ပုံများကို ကမ္ဘာတစ်ဝန်းသို့ ထုတ်လွှင့်ဖြန့်ချိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး